
အကြံကောင်းတစ်ချက်၊
အနေကောင်းတစ်သက်နှင့်

# မြန်မာ့ရိုးရာစကားပုံ ပုံပြင်များ

၁


ဦးအောင်သိမ်းမြတ်



ကာတွန်းမောင်မောင်အောင်၊ ၂၀၂၀

mgyoe.com
mgyoe.com

mgyoe.com



SPK0041
2,500.00 KS

mgyoe.com

အကြောင်းတစ်ချက် အနေကောင်းတစ်သက်နှင့် မြန်မာ့ရိုးရာစကားပုံ ပုံပြင်များ။ ဦးအောင်သိမ်းမြတ်
မျက်နှာဖုံးပန်းချီ - မောင်မောင်အောင်
အတွင်းသရုပ်ဖော် - ဖေသစ်တည်
စာမျက်နှာ ၂၂၂ မျက်နှာ၊ ၁၂·၇ စင်တီ× ၁၇·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ ခုနှစ်၊ ဘဝတက္ကသိုလ်စာပေထုတ် မြန်မာ့ရိုးရာစကားပုံ ပုံပြင်များ ပထမအကြိမ်မှ

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


၁။ အကြံကောင်း တစ်ချက် အနေကောင်း တစ်သက် ၁

– ဖားနှင့် ခြင်္သေ့ ၆

– ဥစ္စာစောင့် ကြွက်မကလေး ၉

– သိင်္ဂါလရာဇာ ၁၅

၂။ ဇာတ်တူသား စား၍ ဟင်္သာ ကိုးသောင်းပျက် ၁၉

၃။ တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုး ၂၅

၄။ ဝစီဗေဒ ထိတိုင်းရှ ၃၂

– ကောင်းကင်ခရီးသွားနှင့် ယဉ်ပါးခြင်း ၃၂

– မောင်ဆံလိပ် အမည်ဖြင့် ၃၅

– မဟာကစ္စည်းထေရ်၏ ကျေးဇူးတော် ၃၇

– ရွှေတောင်ကြီးသခင် သူဌေး ၄၂

– ဆင်လောက်ကြီးသည့် ရွှေဆိတ်ရုပ်တွေ ၄၅

– ကျွေးကျွန်ငိုသော အဝတ်ကြမ်း ၄၇

– ထိုက်သူ မထိုက်သူ ရွေးပွဲ ၅၁

– လူ့နောက်သို့ လိုက်သော အရိပ် ၅၄

၅။ သူ့ဆန်စား ရဲမှ ၆၀


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၆။ | ဟာန် ကိုယ့်ဖို့ မာန် သူ့ဖို့ | ၆၅ |
| ၇။ | အရေးကောင်း ဒိန်းဒေါင်းဖျက် | ၆၉ |
| | – သေကံမရောက် သက်မပျောက် | ၆၉ |
| | – ပညာရှေ့အိုး လူမခိုး | ၇၃ |
| | – ပညာအရောင် ထွန်းလင်းပြောင် | ၇၈ |
| | – ပညာရဲရင့် ပွဲလယ်တင့် | ၈၃ |
| | – သားအဖရင်း ဖြစ်နေခြင်း | ၉၀ |
| | – စကားတတ်လှ ပဒုမ | ၉၄ |
| | – အရေးကောင်း ဒိန်းဒေါင်းဖျက် | ၉၇ |
| ၈။ | ရယ်ဟာ ရယ်ဟာနှင့် အပေါ်သွား မရှိ | ၁၀၀ |
| ၉။ | နှုတ်ချို သျှိုတစ်ပါး | ၁၀၃ |
| ၁၀။ | တိတ်တိတ်နေ ထောင်တန် | ၁၁၁ |
| ၁၁။ | အချစ်ကြီး၍ အမျက်သည်း | ၁၁၆ |
| | – ဘဒ္ဒါတို့၏ ကြင်ရာတော် | ၁၁၆ |
| | – အင်ကြင်းပန်းကစသော မီး | ၁၁၉ |
| | – မပြေနိုင်သည့် ရန်ငြိုး | ၁၂၂ |
| | – သူယုတ်မာ အကြံပိုင်၏ | ၁၂၈ |
| | – မုန်းကြိုးမုန်းမာန် ပြေပါစေ | ၁၃၁ |
| | – သည်းသောအမျက် လူကိုဖျက် | ၁၃၈ |
| ၁၂။ | သူခိုး ဓားရိုးကမ်း | ၁၄၁ |
| ၁၃။ | လူကြမ်း နတ်ကြမ်း မခံနိုင် | ၁၄၈ |
| | – သွေးဆာသော ဘုရင်တစ်ပါး | ၁၄၈ |
| | – နယ်လှည့်သည့် စိန်ခေါ်ပွဲကြီး | ၁၅၃ |
| | – နားရွက်ကို တံတွေးဆွတ်ခြင်း | ၁၅၆ |


mgyoe.com

mgyoe.com


– ငိုချင်လျက်ကို လက်တို့ပြီ ၁၅၉

– သိကြားမင်းနှင့် ရှင်ရသေ့ ပါလာခြင်း ၁၆၃

– နိုင်ငံအတွက် အသက်ပေးမလား ၁၆၇

– မင်းလားကွ သိကြား ငါပဲဟော့ လူ ၁၇၁

၁၄။ တစ်လုတ်စားဖူး သူ့ကျေးဇူး ၁၇၇

၁၅။ သေရည် သေရက် လူကို ဖျက် ၁၈၄

– ကံသ သာဂရ မင်းမျိုး ၁၈၄

– တံစိုးစားသော သစ္စာဖောက် ၁၈၇

– ကံသ မင်းမျိုး ပြုတ်တော့မည် ၁၉၁

– ပေါက်လွှတ်ပဲစား ညီနောင်များ ၁၉၆

– ပရမ်းပတာ ပွဲကြီးပွဲကောင်း တစ်ခု ၂၀၀

– ဒွါရာဝတီ ရွှေမြို့ပျံ ၂၀၅

– သေရည်သေရက် လူကိုဖျက် ၂၁၀

၁၆။ အကျိုးစားသန် ရန်ဖြစ် ၂၁၆

– စာပြီး အမှာ ၂၂၀


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# အကြံကောင်း တစ်ချက် အနေကောင်း တစ်သက်

ရှေးသရောအခါက နှံစုတ်ငှက် တစ်ကောင် ရှိလေသည်။ မိုးလေများ ပြင်းထန်စွာ ရက်ဆက် ကျရောက်သောကြောင့် အသိုက်ပြင်သို့ မထွက်နိုင်ဘဲ ရှိလေ၏။ တစ်နေ့တွင် မိုးလေများ ရပ်စဲပြီး နေရောင်ကလေး ပွင့်လာ၏။ နှံစုတ်ငှက်လည်း ဝမ်းသာအားရ အတောင် ဆန့်၏။ ခြေလက်များကို ဆန့်၏။ ထို့နောက် အစာရှာ ထွက်ခဲ့လေ၏။

ရက်ပေါင်းများစွာ အစာနှင့်ကင်းနေသဖြင့် အစာကို အငမ်းမရ ကောက်ယူ စားသောက်၏။ အစာထဲတွင် အာရုံရောက်သွားသောအခါ သတိလစ်ပြီ။ ငါ သွားသင့်တဲ့နေရာလား၊ အန္တရာယ်ရှိတဲ့ နေရာလား မေ့သွားပြီ။

သစ်ပင်ထိပ်ဖျားတွင် ငြိမ်သက်စွာ စောင့်နေသော သိမ်းငှက် တစ်ကောင်က နှံစုတ်ငှက်ကို မြင်၏။ နှံစုတ်ငှက်သည် ချုံပုတ် သစ်ပင်များ ရှင်းလင်းသည့်ဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်လာ၏။

သိမ်းငှက်အတွက် အခြေအနေ ကောင်းလာပြီ။ ဝှီးခနဲ အသံ တစ်ချက် ပေါ်လာ၏။

ဟာ... ရန်သူ့တောင်ဟုန်သံပါကလားဟု နှံစုတ်ငှက် သိသည်။

mgyoe.com

mgyoe.com


နွားခြေရာခွက် မြေပပ်ကြားများကြားသို့ ပြေးဝင်သည်။ သို့သော် ငှက်ကလေး နောက်ကျသွားပြီ။

သူ ထိတ်လန့်တကြားဖြင့် ပုန်းအောင်းစရာ နေရာကောင်းရှိရာသို့ ပြေးသွားဆဲတွင် မြေပြင်မှ မြောက်တက်သွားပြီ။ သိမ်းငှက်၏ ချွန်ထက်သော ခြေသည်းများဖြင့် ကုပ်ညှပ်လျက် သယ်ဆောင်သွားပြီ။

သိမ်းငှက်မှာလည်း အစာကို ရပါလျက် လေထဲတွင် မစားနိုင်သေး။ အစာကို သစ်ပင် တစ်ပင်ပေါ်သို့ သယ်သွားရမည်။ ရောက်တော့မှ ကျောကုန်းကို နင်းဖြိပြီး အူ၊ အသည်းများကို သွေးရဲသံရဲ စားမျိုရမည်။

သို့သော် သူ့မှာလည်း သူ့ဒုက္ခနှင့်သူ ရှိသည်။

သစ်ပင်ထိပ်ဖျားတွင် ငြိမ်သက်စွာ အစာကို စောင့်နေသူမှာ သူ တစ်ကောင်တည်း မဟုတ်ချေ။ အခြား သိမ်းငှက်တွေ ရှိသည်။ လေထဲ၌ ဝဲဝေ့ကာ ချောင်းမြောင်းနေသော စွန်ရဲတွေ ရှိသေးသည်။

ထိုအကြဲတူ ငှက်များသည် အစာရသွားသော ငှက်နောက်သို့ ဝိုင်းအုံလိုက်ကာ ကုတ်ကြ ဆိတ်ကြလေ့ ရှိသည်။ အကုတ်အဆိတ်ခံရသူမှာ အစာကို လွှတ်ချပြီး ထွက်ပြေးရလေ့ ရှိသည်။ သို့အတွက် နှံစုတ်ငှက်ကို ဖမ်းယူရရှိသော သိမ်းငှက်သည် အကြဲတူတွေ ဝိုင်းအုံမလာမီ ဝေးရာသို့ ပျံသန်းခဲ့ရသည်။

'ငါ့နေရာမဟုတ်လို့ အခုလို ဖြစ်ရတာ၊ ငါ့နေရာ မဟုတ်လို့ အခုလို ဖြစ်ရတာ'

သိမ်းငှက်မှာမူ သတိမထားအားသေး။ နှံစုတ်ငှက်ငယ်မှာ သေဘေးကို ကြောက်သောကြောင့် တုန်လှုပ်စွာ အော်မြည်နေသည် ထင်ခဲ့၏။ လိုက်လံ နှောင့်ယှက်သူများ လိုက်မလာကြောင်း သိသောအခါ စိတ်အေးသွား၏။ စိတ်အေးသွားတော့မှ သတိထားမိ၏။ အော်မိအော်ရာ အော်နေခြင်း မဟုတ်။ ငိုကြွေးနေခြင်း မဟုတ်။ တောင်းပန်နေခြင်း မဟုတ်။

mgyoe.com

mgyoe.com


'ငါ့နေရာ မဟုတ်လို့ အခုလို ဖြစ်ရတာ၊ ငါ့နေရာမှာသာဆို ဘာရမတုံး'

နှံစုတ်ငှက်သည် သူ့ကိုယ်သူ အပြစ်တင်နေ၏။ အဆက်မပြတ်မြည်နေသဖြင့် သိမ်းငှက် စိတ်ဝင်စား၏။

'ဟေ့ကောင်၊ မင်း ဘာတွေ အော်နေတာတုံး'

'ငါ့အတွက် ဆားမသိ ရန်မခနိုင်တဲ့ နေရာတွေ ရှိတယ်။ အစာကိုမက်မိလို့ လုံခြုံတဲ့နေရာကို သတိလစ်သွားတယ်။ ဒါကို ပြောနေတာ'

'မင့်နေရာက ဘယ်လောက် လုံခြုံလို့တုံး။ ငါ့အတောင်နှင့် ရိုက်၊ ငါ့ခြေသည်းနှင့် ကုတ်ရင် နင့်လုံခြုံတဲ့နေရာ ဘာခံနိုင်မှာတုံး'

'ဟေ့... သိမ်းငှက်၊ မင့် အတောင် မင့် ခြေသည်းကို နည်းနည်းမှ အရေးမလုပ်တဲ့ နေရာဟာ ငါ့နေရာပဲ'

လူ့လက်သီးဆုပ်ရွယ်မျှပင် မရှိသော သည်ငှက်ငယ် လေလုံးထွားလှချေကလားဟု သိမ်းငှက် ထင်သည်။ သူ့ထက် အဆပေါင်းများစွာ ကြီးမားသော ငါ သိမ်းငှက်၏ အတောင်ဒဏ်ကို မည်သို့လျှင် သူ ကာကွယ်နိုင်မည်နည်းဟု ဘဝင်မြင့် စိတ်ဖြင့် တွေး၏။

'ဟင်း ငါ့နေရာ မဟုတ်လို့ပေါ့ကွာ။ ငါ့နေရာမှာသာဆို ဘယ်မှာ အခုလို ဖြစ်လိမ့်မတုံး'

နှံစုတ်ငှက်ကား မကျေမချမ်း ဆက်လက် မြည်တမ်းနေဆဲပင်။

'ဟေ့ကောင်၊ နားငြီးတယ်ကွာ။ တိတ်စမ်း'

'ငါ့ ပါးစပ်နှင့် ငါ မြည်တာ၊ ဘာပြုလို့ တိတ်ရမှာတုံး'

သတ်စားတော့မည့် ရန်သူအား နှံစုတ်ငှက်က ပြန်လည် ရန်ထောင်သည်။

'ဒါလောက် အပြောကြီးတဲ့ အကောင်၊ ကဲ သွားစမ်း၊ နင့်နေရာဆိုတဲ့ နေရာမှာ သွားနေချေ၊ ငါ မိအောင် ဖမ်းပြမယ်။ မိလို့ကတော့ကွာ အမွေးတွေပါ စားပစ်မယ်။ ကဲ... သွား'

mgyoe.com

mgyoe.com


သိမ်းငှက်သည် နံ့စုတ်ငှက်ကို ပြောပြောဆိုဆို လွှတ်ပေးလိုက်သည်။ နံ့စုတ်ငှက်လည်း မြေပြင်သို့ ထိုးဆင်းလာသည်။ နွားခြေရာခွက်ကောင်းကောင်းကို ရှာဖွေသည်။ နွားခြေရာခွက်ဆိုသည်မှာ ရွှံ့ပျော့ပေါ်တွင် ထင်ကျန်ခဲ့သော နွားခြေရာ ဖြစ်၏။

မိုးရာသီတွင် မြေပျော့နေခိုက်၌ နွားက နင်း၏။ နွား၏ ခြေထောက်ကျွံဝင်သွား၏။ နွားက သူ့ခြေထောက်ကို နုတ်ပြီး ခရီးဆက်သွားသည်။ အလယ်မောက်ပြီး အနားလန်နေသော တွင်းကြီးဖြစ်ပြီး ကျန်ခဲ့၏။ နွေကာလသို့ ရောက်သောအခါ မာကျောသော ထိုနွားခြေရာခွက်များထဲတွင် နံ့စုတ်ငှက်နှင့် ဘီလုံးငှက်၊ မြေဝပ်ငှက်များ ဝင်ရောက် ခိုအောင်းလေ့ရှိ၏။

နံ့စုတ်ငှက်ငယ်သည် စိတ်ကြိုက် နွားခြေရာခွက်ကို တွေ့ပြီ။ သိမ်းငှက်ကလည်း အပေါ်မှ ဝဲပျံ စောင့်ဆိုင်းနေသည်။

'ဟေ့… သိမ်းငှက်၊ သည်နေရာဟာ ငါ့နေရာပဲဟေ့။ မင်းလိုကောင်မျိုး တစ်ကောင် မကဘူး၊ ဆယ်ကောင် လာခဲ့။ သေသွားမယ်မှတ်'

နွားခြေရာခွက်ထိပ်ရှိ ချွန်နေသော မြေစိုင်ပေါ်သို့ ငှက်ငယ် ရောက်လာသည်။ မော့ကြည့်ပြီး အော်သည်။

သိမ်းငှက်မှာ သေးငယ်သော ငှက်အား အထင်သေးပြီးသား ဖြစ်သည်။ ယခုကဲ့သို့ မလေးမခန့် အအော်ခံရသောအခါ လေထဲသို့ ထိုးတက်သွား၏။ အတန်မြင့်တက်သွားပြီးမှ အဟုန်ပြင်းစွာ ထိုးဆင်းလာ၏။

ငှက်ငယ်လည်း နွားခြေရာခွက်ထဲသို့ ဝုတ်ခနဲ ခုန်ဆင်းနေ၏။

သိမ်းငှက်မှာ သုတ်စရာ၊ ဖမ်းစရာ မတွေ့။ ကိုယ့်အရှိန်ကို ကိုယ်ထိန်းရင်း လေထဲသို့ ထောင်တက် သွားရလေ၏။

'ဘယ်လိုတုံးဟေ့ သိမ်းငှက်ကြီး၊ အကောင်ကြီးတယ် ဆိုပြီး အထင်မကြီးနှင့်ဟေ့။ ငါ့နေရာမှာ မင်း ဘာတတ်နိုင်သေးတုံး'

mgyoe.com

mgyoe.com


နွားခြေရာခွက်ထိပ်တွင် ငှက်ငယ် ပေါ်လာသည်။ မထီမဲ့မြင် အော်ဟစ်သည်။ ရယ်မောသည်။ သိမ်းငှက်လည်း အားယူရန် ထိုးတက်သွားသည်။ အဟုန်ပြင်းစွာ ထိုးဆင်းလာသည်။ နွားခြေရာခွက်ထဲသို့ နှုတ်ပြီး မသုတ်နိုင်။

'သိမ်းငှက်တဲ့လား၊ ဘာသိမ်းငှက်တုံး၊ အလကား ငှက်ပါကလား'

သိမ်းငှက် ဒေါသတကြီး ပျံတက်ပြီး ဒေါသတကြီး ထိုးသုတ်သည်။

ဤသို့ဖြင့် ကြိမ်ဖန်များစွာ ဖြစ်သောအခါ သိမ်းငှက်မှာ မောပန်းပြီ။ သည်ငှက်သေး ငှက်မွှားကိုမျှ မမိကောင်းလားဟု ကြိတ်မနိုင် ခဲမရ ဖြစ်လာသည်။ ထိုအခါ ပိုပြီး စိတ်ဆိုးလာသည်။

သို့အတွက် ပိုမို လျင်မြန်သော အဟုန်ဖြင့် ထိုးဆင်းသည်။ အရ အမိ ဖမ်းသည်။ ငှက်ငယ်ကိုကား မမိ။ မိမိကိုယ်ကို မိမိ မထိန်းနိုင်ဘဲ ခြေရာခွက်ထိပ်ရှိ မြေစွန်းအချွန်နှင့် သိမ်း ရင်အုပ် ဆောင့်မိကာ သေပွဲဝင်သွားရှာလေသတည်း။

## ဖားနှင့် ခြင်္သေ့

ထိုစကားပုံနှင့် အကျုံးဝင်သော နောက်ထပ် ပုံပြင်တစ်ပုဒ် ရှိပါသေးသည်။ ယင်းမှာ ဖားနှင့် ခြင်္သေ့ ဖြစ်ပေသည်။

တောပေါင်း သုံးထောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းသည် အပြေး လျင်မြန်၏။ သူ ဒေါသထွက်၍ ဟောက်လျှင် သူ့အသံကြောင့် နားကွဲပြီး သေသူ သေ၊ ထိတ်လန့်ပြီး သေသူ သေ ဖြစ်ကြရ၏။ အားခွန်ဗလလည်း ကြီးမား၏။

သို့အတွက် တောထဲရှိ သားရဲတိရစ္ဆာန်အားလုံးက ကေသရာဇာ ခြင်္သေ့မင်းအား ကြောက်ရွံ့ ရိုသေကြ၏။ သူ့အား အသိအမှတ်ပြု အရိုအသေပေးသော အရပ်ဒေသပေါင်း သုံးထောင် ရှိသည့်အတွက် တောသုံးထောင်ကို အစိုးရသည်ဟု ခေါ်စမှတ်ပြုကြ၏။

mgyoe.com

mgyoe.com


တစ်နေ့တွင် ဖြစ်၏။

ခြသေ့်မင်းသည် သူ အုပ်စိုးသော တောများတွင် လှည့်လည်သွားလာ၏။ အတန် နေမြင့်သောအခါ ရေငတ်သဖြင့် ရေရှိရာအရပ်ကို ရှာဖွေရတော့သည်။ မကြာမီ တောအုပ်အလယ်တွင် ရေအိုင်ကြီး တစ်အိုင်တွေ့သည်။ ကြာပင်များ ဖုံးလွှမ်းနေသည်။ ငှက်တွေ မြူးရွှင်နေသည်။ သမင်၊ ဒရယ်၊ ယုန်၊ ဆတ်၊ ချေ စသော သားကောင်များလည်း ရေသောက်ရင်း ဆော့ကစားနေကြသည်။

ရေကန်အလယ်တွင် ကြီးမားသော ကြာပင်ကြီး တစ်ပင် ရှိသည်။ ကြာရွက်ပေါ်တွင် ဖားကလေး တစ်ကောင် ဆောင့်ကြောင့် ထိုင်နေသည်။ သူသည် ငှက်တွေ၊ သားကောင်တွေကို ကြည့်လျက် သဘောကျနေသည်။ သူ့စိတ်ကပါ ငှက်တွေ၊ သားကောင်တွေနှင့် ရောနှော လိုက်ပါပျော်ရွှင်နေပေသည်။

သားကောင်တွေ သေပြေး ရှင်ပြေး ထွက်ပြေးကြသည်။ ငှက်တွေလည်း လန့်ဖျပ် ပျံပြေးကြသည်။ ပျော်စရာ ရေကန်ကြီးမှာ ချက်ချင်းတိတ်ဆိတ် ခြောက်ကပ်သွားလေသည်။ ကြာရွက်ပေါ်က ဖားကလေးသည် ဘာဖြစ်ကြတာပါလိမ့်ဟု ရေအိုင်အစပ် အနားများသို့ မျှော်ကြည့်သည်။

အမွေးစုတ်ဖွား သွားတဖြဲဖြဲနှင့် အကောင်ကြီး တစ်ကောင် ရေစပ်သို့ တရွေ့ရွေ့ ဆင်းလာသည်။ သည်ကောင်ကြီးကြောင့် ငါ့မိတ်ဆွေတွေ ထွက်ပြေးကုန်တာပါကလားဟု ဖားကလေး သဘောပေါက်သည်။ သူ စိတ်ဆိုးသည်။ သို့ကြောင့် အမွေးဖွားဖွား၊ ပါးစပ်ပြဲပြဲနှင့် ခြသေ့်ကြီးကြားအောင် လှမ်းအော်သည်။

'ဟေ့... ငါ့ပိုင်နက်ထဲကို ကျူးကျော်လာတာ ဘယ်သူတုံးကွ'

ခြသေ့်မှာ ရေသောက်မည် ပြုနေရာက မသောက်နိုင်ဘဲ ပြန်အော်မိသည်။

mgyoe.com

mgyoe.com


'တောသုံးထောင်ကို အစိုးရတဲ့ ကေသရာဇာ ခြင်္သေ့မင်းပဲဟေ့'

ထိုသို့ ပြန်ပြောပြီးမှ ငါ့ကို မေးတာ ဘာကောင်ပါလိမ့်ဟု မနည်း မျက်လုံးဖြဲကြည့်ရသည်။ တကယ့် ဖားငယ်ကလေးပါတကား။ တစ်လုတ်စာပင် မရှိ။ သို့သော် ထိုအကောင်သေးကလေးက ပမာမခန့် ပြန်အော်၏။

'ဟေ့... မင်းလည်း ခြင်္သေ့မင်း၊ ငါလည်း ဖားမင်း၊ အဲဒါကြောင့် ငါ့နေရာကို ငါ ခွင့်မပေးဘဲ မလာနှင့်၊ အခု ထွက်သွား'

'အမယ်၊ သမင် တစ်ကောင်ရဲ့ ချေးတုံးလောက်မှ မကြီးတဲ့ ကောင်က ရာရာစစ၊ နင် ငါ့ကို ဘာမှတ်သတုံး'

'ဟေ့ ဟေ့၊ အပိုတွေ ပြောမနေနှင့်၊ အခု ထွက်သွား'

တစ်လုတ်စာသော်မျှ မရှိသော ကောင်ငယ်က မလေးမစား ပြောသောအခါ ကေသရာဇာ ခြင်္သေ့မင်း၏ အမွေးတွေ ထောင်လာသည်။

'နင့်ထက် အဆမတန်ကြီးတဲ့ ကောင်တွေတောင် ငါ့ကို ကြောက်လို့ ပြေးကုန်ကြတာ။ နင် မမြင်ဘူးလား၊ မရှိမသေနဲ့ သေချင်လို့လား'

ခြင်္သေ့မင်းက ဒေါသတကြီး ဟောက်ငမ်း၏။

'လာ လုပ်မနေနှင့်၊ မင်းလည်း ခြင်္သေ့မင်း၊ ငါလည်း ဖားမင်းပဲ၊ ထွက်သွားစမ်း'

'မလောက်လေး မလောက်စား အကောင်ကများ ငါ့ကို'

ကေသရာဇာ ခြင်္သေ့မင်းသည် ခါးကုန်းပြီး အားယူ၏။ ပါးစပ်ကို ဟာ၏။ လည်ချောင်းထဲမှ ပြင်းထန်သော ဟောက်သံကြီး ပေါ်လာ၏။ ဖားငယ်ကား ခြင်္သေ့ပါးစပ် ဟာလိုက်ကတည်းက ရေထဲသို့ ခုန်ဆင်းသွားနှင့်ပြီ။

မဖြစ်ညစ်ကျယ်ကောင်၊ နားကွဲရုံတွင် မကဘူး။ အသည်းအူ ပြောင်းပြန်လန်ပြီး သေပြီ မဟုတ်လား။

ခြင်္သေ့ကြီး ကျေနပ်စွာ တွေးသည်။ ရေသောက်မည် ဟန်ပြင်သည်။

mgyoe.com

mgyoe.com


'အောင်မယ်၊ ထွက်သွား ဆိုတာ မသွားသေးဘူးလားဟေ့'

ဖားငယ်၏အသံ ပေါ်လာသည်။ သူသည် ကြာရွက်ပေါ်တွင် ပမာမခန့် ကြွားကြွားရွားရွား ထိုင်နေ၏။

'နင် မသေသေးပဲကိုး၊ အေး သေရမှာပေါ့ကွာ'

ခြင်္သေ့ကြီး နောက်ဆုတ်ကာ အားယူပြီး ဟောက်သည်။

သူ့အသံ ပေါ်မလာမီ ဖားက ရေထဲ ဆင်းသွားပြီ။ ဟောက်သံစဲတော့မှ ကြာရွက်ပေါ် တက်လာသည်။ မခိုးမခန့် ပြောသည်။ ခြင်္သေ့ဒေါသတကြီး ဟောက်သည်။ ဖားက ရေထဲ ဆင်းသွားသည်။

ထိုကဲ့သို့ ကြိမ်ဖန်များစွာ ဖြစ်သောအခါ ဖားမှာ ဘာမျှမဖြစ်။ အားယူပြီး ဟောက်ရသော ခြင်္သေ့မှာ မောလာသည်။ မောလာသောအခါ သည်ပါမွှားကလေးကျမှ အစော်ကားခံရလေခြင်းဟု ခြင်္သေ့ကြီးမှာ ပိုပြီး ဒေါသဖြစ်သည်။ ဒေါသဖြစ်ဖြစ်နှင့် ထပ်ကာထပ်ကာ တိုးမြှင့် ဟောက်ပြန်ရာ ရင်ကွဲပြီး သေလေသတည်း။

## ဥစ္စာစောင့် ကြွက်မကလေး

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်တွင် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသော သူကြွယ် လင်မယား ရှိခဲ့ကြလေသည်။ နှစ်ပေါင်းများစွာ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြပြီးနောက် သူကြွယ်ကြီးသည် ရုတ်တရက် ကွယ်လွန်ရှာသည်။

သူကြွယ်မလည်း နောက်ထပ် အိမ်ထောင်မပြုဘဲ တစ်ဦးတည်း နေထိုင်ခဲ့သည်။ လင်သူကြွယ်ကြီး ချန်ရစ်ခဲ့သော ပစ္စည်းဥစ္စာများ မလေလွင့် မလျော့ပါးအောင် ဂရုပြု ထိန်းသိမ်းခဲ့သည်။ သို့ကြောင့် သူသည် ပစ္စည်းဥစ္စာများကို အလွန် တွယ်တာသည်။ အလွန် သံယောဇဉ် ကြီးသည်။

ပစ္စည်းဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေ၊ လယ်ယာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ တိုက်တာများကို မည်မျှပင် တွယ်တာနေစေကာမူ သေချိန်၌ ထားပစ်ခဲ့

mgyoe.com

mgyoe.com



ကြရ၏။ သူကြွယ်မကြီးလည်း ထုံးစံအတိုင်း ပစ္စည်းတွေကို ထားပစ်ခဲ့ကာ ကွယ်လွန်သွားရရှာပြန်၏။သို့သော် ပစ္စည်းများကို တွယ်တာစိတ်အားကြီးလွန်းရကား ရွှေ၊ ငွေ၊ စိန်၊ ကျောက်သံပတ္တမြားများ မြှုပ်နှံထားသည့် မြေပေါ်တွင် ဥစ္စာစောင့်ကြွက်မ ဖြစ်ကာ နေထိုင်ရလေ၏။

သူကြွယ် လင်မယားတွင် သားသမီး မထွန်းကားခဲ့ချေ။ ရင်းချာသော ဆွေမျိုးသားချင်းများလည်း မရှိချေ။ သို့အတွက် အမွေဆက်ခံသူလည်း ကင်းမဲ့၏။

အိမ်တွင် ခိုင်းစေထားသော အခြွေအရံများကလည်း သခင်မရှိသောအခါ ရေကြည်ရာ မြက်နုရာသို့ ထွက်ခွာသွားကြပြီ။ ပိုင်ရှင်မှမရှိတော့တာဘဲ ဆိုကာ မြေကြီးကို တူးဆွပြီး အတွင်းပစ္စည်းများကိုမယူကြပေ။ ပိုင်ရှင်မပေးသော ပစ္စည်းကို ယူခြင်းသည် ခိုးခြင်း ဖြစ်သဖြင့်မယူငင်ကြခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် သူကြွယ်အိမ်ကြီးမှာ ထိန်းသိမ်းပြုပြင်မည့်သူ ကင်းမဲ့လျက် ယိုယွင်းပျက်စီးခဲ့သည်။

ထို့နောက် ချုံတွေ ဖုံးလာသည်။ သစ်ပင်တွေ ပေါက်လာသည်။ တဖြည်းဖြည်း တောအတိ ဖြစ်လာသည်။

တောကြီး ဖြစ်လာသော်လည်း ဥစ္စာစောင့် ကြွက်မမှာကား ‘ငါ့ဟာတွေ၊ ငါ့ဟာတွေ’ ဟု သဘောထားကာ ထိုနေရာတွင် ရှိမြဲ ရှိနေသည်။ ရွှေတွေ မြှုပ်ထားသော နေရာကို နမ်းကြည့်လိုက်၊ စိန်တွေမြှုပ်ထားသောနေရာကို ယက်ကြည့်လိုက်ဖြင့် ပျော်ရွှင်နေသည်။

ထိုသို့နေရင်းက ကြွက်မသည် လူတစ်ယောက်ကို သတိထားမိ၏။ ထိုသူသည် ဤနေရာမှ နေ့တိုင်း ဖြတ်သန်းသွား၏။ သူ့တွင်လေးမြားနှင့် ပိုက်များ ညွှတ်များ ပါသည်။ သူတစ်ပါး အသက်ကိုသတ်ဖြတ် စီးပွားရှာသော မုဆိုးဖြစ်သော်လည်း စိတ်ကောင်းရှိပုံ ရသည်။

mgyoe.com

mgyoe.com


ကြွက်မသည် ထိုမုဆိုးအား အကဲခတ်နေခဲ့ပြီးနောက် နေ့တစ်နေ့တွင် မုဆိုးလာမည့် လမ်းမှ စောင့်ဆိုင်းနေသည်။ သူ့ပါးစပ်ထဲ၌ ရွှေစတစ်စကို ကိုက်ထားသည်။ ကြွက်မသည် မုဆိုးလာသောအခါ သူ့ကိုမြင်စေရန် ပတတ်ရပ်ပြပြီး တောင်းပန်၏။

'မုဆိုးကြီးကို နေ့တိုင်း နေ့တိုင်း ရွှေစ တစ်စ ပေးပါမယ်၊ အဲဒါကိုရောင်းချပြီး တစ်ဝက်ကို အမဲသား ဝယ်ပါ၊ ကျွန်တော်မကို အဲသည်အမဲသား ပေးပါ၊ ဘယ့်နှယ်တုံး၊ သဘောကျလား'

ရွှေကို မမြင်ဖူးသော မုဆိုးမှာ ဝမ်းသာအားရ သဘောတူသည်။ ကြွက်မထံမှ ရွှေစကို ယူသွားသည်။ နောက်တစ်နေ့တွင် အမဲသားယူလာပြီး ကြွက်မကို ပေးသည်။ ဤသို့ဖြင့် ကြွက်မမှာလည်း ပင်ပန်းခက်ခဲစွာ အစာမရှာရတော့ပါ။ မုဆိုးမှာလည်း စားဝတ်နေရေး ကောင်းမွန်လျက် ချောင်လည်လာသည်။

ဥစ္စာစောင့် ကြွက်မနှင့် တောမုဆိုးတို့ ပျော်ရွှင်စွာဖြင့် မိတ်ဆွေဖြစ်လျက် နေထိုင်ခဲ့ကြရာ တစ်နေ့တွင် အနှောင့်အယှက် တစ်ခု ပေါ်ပေါက်လာ၏။ ထိုအရာကား ကြောင်ပေတည်း။

ကြွက်မသည် ပြေးရင်းလွှားရင်း သွားလာလည်ပတ်ရင်းက ကြောင်၏ အဖမ်းခံရသည်။ ကြောင်၏ လက်သည်းများ မစူးမီ သွားတွေဖြင့်အကိုက်မခံရမီ ကြွက်မက အလျင်အမြန် အသနားခံ၏။

'အရှင် အရှင် နားထောင်ပါဦး၊ အကျွန့်ကို ကိုက်သတ်စားရင်တစ်ကြိမ်ပဲ စားရမယ်၊ အကျွန့်ကို မသတ်ဘဲ လွှတ်လိုက်ရင် နေ့တိုင်းအမဲသား စားရမယ်'

ကြောင် မမျှော်လင့်သော စကားဆန်း ဖြစ်၏။ မည်သူမဆို အပန်းတကြီး မရှာဖွေရဘဲ အစားကောင်း စားရမည်ကို လိုလားစမြဲ ဖြစ်၏။

'ကြွက်၊ ငါ့ကို လှည့်စားတာလား'

mgyoe.com

mgyoe.com


'မဟုတ်ပါဘူး အရှင်၊ နေ့စဉ် နံနက်တိုင်း သည်နေရာမှာ လာစောင့်ပါ၊ အကျွန် အမဲသား လာပို့ပါမယ်။ မလိမ်ပါဘူး၊ လိမ်ရင် ကိုက်သတ်လိုက်'

'အေး၊ ငါ့ကို လိမ်လို့ကတော့ မလွယ်ဘူး မှတ်၊ ဟုတ်ပြီ၊ သွားတော့'

ဥစ္စာစောင့်ကြွက်မသည် ကတိ တည်ပါ၏။ ကတိ တည်သော်လည်း မုဆိုးပေးသော အမဲသားကို အဝအလင် မစားရတော့ပေ။ ကြောင်ကို တစ်ဝက်ခွဲပေးနေရသည့်အတွက် ဖြစ်သည်။

ထိုသို့ အဆင်းရဲခံကာ အသက်ကို ထိန်းသိမ်းသော်လည်း ကြွက်မ၏ ဘဝမှာ မလုံခြုံပါ။ မကြာမီပင် အခြား ကြောင်တစ်ကောင်၏ ခုန်အုပ်ခြင်းခံရကာ ကြောင်၏ လက်သည်းကြားသို့ ရောက်သွားပြန်သည်။ ကြွက်မလည်း ပထမ ကြောင်အား မက်လုံး ပေးသည့်အတိုင်း မျှော်လင့်ချက် ပေးပြန်သည်။ ထိုကြောင်ကလည်း ယုံကြည်ကာ လွှတ်ပေးလိုက်ပြန်သည်။

ကြွက်မမှာ မုဆိုးထံမှရသော အမဲသားကို ကြောင်နှစ်ကောင်နှင့် သုံးစုခွဲပြီး စားရတော့သည်။ နှစ်စုခွဲပြီး စားရစဉ်ကပင် မဝလင်ပါ။ သုံးစု ခွဲရသောအခါ ပိုပြီး ဆိုးတော့သည်။

သို့ရှိစဉ်မှာပင် တတိယကြောင်နှင့် စတုတ္ထကြောင်၊ ပဥ္စမ ကြောင်တို့၏ အဖမ်းခံရကာ ကတိများ ပေးမိပြန်သည်။ ကတိအတိုင်း ငါးပုံပုံကာ ပေးပြီးမှ တစ်ပုံတည်းသော စားရသောအခါ အခြေမလှတော့ပြီ။ ဥစ္စာစောင့် ကြွက်မမှာ တစ်နေ့တခြား ပိန်လှီလာချေသည်။

ကြွက်မသည် အခက်အခဲကို ကြိတ်မှိတ်ခံသည်။ တစ်နေ့လျှင် ရွှေစတစ်စပေးရာမှ ရွှေစ နှစ်စ ပေးပြီး အမဲသား နှစ်ဆ တိုး၍ တောင်းလျှင် မရသလော။ ရနိုင်သော်လည်း ဥစ္စာကုန်မည် စိုးသည်။ နှမြောသည်။ ထို့ကြောင့် မဝရေစာဒုက္ခကို လှိမ့်ခံနေခဲ့ပေသည်။

mgyoe.com

mgyoe.com


မုဆိုးမှာ မိမိအား ရွှေစ တစ်စ နေ့စဉ်ပေးသော ကျေးဇူးရှင်အား အမှတ်မဲ့မထားချေ။ ဂရုတစိုက် ရှိသည်။ ရှိသည့်အတွက် တစ်နေ့ထက် တစ်နေ့ ကြုံလှီဖျော့တော့လာသည်ကို သတိထားမိသည်။

'ကြွက်မကလေး၊ ပိန်လှချည့်လား၊ နေထိုင် မကောင်းဘူးလား'

ယုံကြည်စိတ်ချရသော မိတ်ဆွေ ဖြစ်နေသည့်အတွက် ကြွက်မ သည် စကားကို လှီးလွှဲ မပြောပါ။

'ဘာရောဂါမှ မဖြစ်ပါဘူး၊ မုဆိုးကြီးရာ။ အစာ ဝအောင် မစားရ လို့ပါ'

'ဟဲ့ ငါ ယူယူလာတဲ့ အမဲသားဟာ ကြွက်တစ်ကောင်အတွက် ဝပါတယ်'

'ဟုတ်ပါတယ်၊ ဝပါတယ်။ ဒါပေမဲ့ ကြောင်ငါးကောင်နှင့် ခွဲဝေ စားသောက်နေရတော့'

ကြွက်မသည် ကြောင်တစ်ကောင် အဖမ်းခံရတိုင်း ကတိပေးမိပုံ နှင့် ကတိအတိုင်း ဆောင်ရွက်နေပုံများကို ရှင်းပြလိုက်၏။

မုဆိုးသည် ကြွက်မ ရှင်းပြနေဆဲမှာပင် အကြံယူ၏။ သည်ကြောင် ငါးကောင်၏ ရန်မှ လွတ်ကင်းအောင် မည်သို့ လုပ်မည်နည်း။

ကြွက်မ၏ စကားဆုံးချိန်တွင် အကြံရ၏။ သို့ကြောင့် ဘာမျှ မပူရန် နှစ်သိမ့်ခဲ့ပြီး အိမ်သို့ ပြန်သွားကာ ထူထဲသော ဖန်အုပ်ဆောင်း တစ်ခုကို ယူဆောင်ခဲ့၏။

'ဟောသည်မှာ ဝင်လို့ထွက်လို့ရတဲ့ အပေါက် ရှိတယ်၊ အဲသည်ထဲ ဝင်နေ၊ ဘယ်ကြောင်ကိုမှ မပေးနဲ့။ ရော့... အမဲသား၊ စိတ်ချလက်ချ ဝလင်အောင် စားပစ်'

မုဆိုးသည် ပေးနေကျ အရွယ်အစားရှိသည့် အမဲသားတုံးကို ပေးပစ်ခဲ့၏။ ကြွက်မလည်း အမဲသား စားရင်း အေးဆေးစွာ ကျန်ခဲ့

mgyoe.com

mgyoe.com


သည်။ ကြောင်ငါးကောင်မှာ ကြွက်မထံမှရမည့် ဝေစုကို စောင့်စားနေကြသည်။ လာချိန်၏နောက် များစွာ နောက်ကျသွားပြီ။ ကြွက်မကား ရောက်မလာသေး။

ကြောင်ငါးကောင်သည် ဒေါသပြင်းစွာ ထွက်လျက် ကြွက်မအားနေရာအနှံ့ အစုခွဲကာ လိုက်လံ ရှာဖွေကြ၏။ ပဋ္ဌမကြောင်သည် ကြွက်မအား ဦးစွာ တွေ့သည်။ ကတိမတည်တဲ့ကြွက် သေပေတော့ အော်ကာ ခုန်အုပ်သည်။ ထူထဲသော ဖန်အုပ်ဆောင်းနှင့် ရင်ဘတ်နှင့် ဆောင့်မိကာ ပက်လက် လန်ကျသွား၏။ နောက်ထပ်လည်း ခုန်မအုပ်နိုင်တော့ပါ။

မကြာမီ ရောက်လာသော သူမှာ ဒုတိယ ကြောင်။

'ဟော့ ဘယ်အချိန် ရှိပတုံး၊ ဘယ်မတုံး အမဲသား'

'သည်မှာ စားနေတယ်လေ'

'ငါ့ဖို့ရော၊ ဘယ်မတုံး'

'ကနေ့ကစပြီး မပေးနိုင်တော့ဘူး၊ မောင်ကြီး ကြောင်ရေ့'

သူ ရောက်ရှိနေသော ဖန်အုပ်ဆောင်း၏ အစွမ်းကို သိသော ကြောင့် ကြွက်မက ပမာမခန့် ပြောရဲခြင်း ဖြစ်၏။

'နင်က သည်လိုလားဟော့၊ ဟောသည်မှာ ငါ့ လက်သည်းတွေ သွားတွေ လာပြီ'

ဒုတိယကြောင်လည်း ဒေါသတကြီး ခုန်အအုပ်တွင် ကြွက်ကို မအုပ်မိဘဲ ရင်ပွင့် သေဆုံးလေ၏။ မရှေးမနှောင်းပင် ပထမနှင့် တတိယ၊ စတုတ္ထ ကြောင်များ ရောက်လာကြ၏။ မစူးစမ်း မဆင်ခြင်ဘဲ ဒေါသ တကြီး ခုန်အုပ်ကြရာ အသက်ဆုံးရှုံး သွားကြရလေတော့၏။

ဥစ္စာစောင့် ကြွက်မကလေးနှင့် မုဆိုးတို့မှာ ထိုအချိန်မှ အစပြုပြီး ဘေးရန်ကင်းရှင်း ပျော်ရွှင်စွာဖြင့် အသက်ထက်ဆုံး နေထိုင်သွားကြလေ သတည်း။

mgyoe.com

mgyoe.com


သိင်္ဂါလရာဇာ

ဟိမဝန္တာ တောင်ခြေရှိ တောကြီး တစ်တောအတွင်းတွင် လျှို့ဝှက်သော တောင်တစ်လုံး ရှိသည်။ ထိုတောင်ပေါ်သို့ မည်သူမျှ မတက်ရဲကြ။ တောင်ခြေတွင်သာ မြေခွေးအများ စုဝေးနေထိုင်ကြသည်။

ထိုမြေခွေးများအား သိင်္ဂါလရာဇာ အမည်ရှိသည့် မြေခွေးကြီးက ဦးစီးအုပ်ချုပ် နေထိုင်၏။ တစ်နေ့သောအခါတွင် သိင်္ဂါလရာဇာသည် လျှို့ဝှက်သော တောင်ပေါ်သို့ တက်ကာ လှည့်ပတ် စူးစမ်း၏။ သည်တောင်ထိပ်မှာ ဘာမှမရှိဘဲ ဘာပြုလို့ အရောင်တွေ မကြာခဏ တောက်နေရသနည်း။

နေထွက်ချိန်ရောက်တိုင်း၊ နေဝင်ချိန် ရောက်တိုင်း တောင်ထိပ်မှ အရောင်တွေ ဖြာထွက်လေ့ရှိသည့် တောင်ကို သားကောင်အားလုံး ကြောက်ရွံ့ ရှိသေကြ၏။ သိင်္ဂါလရာဇာ စူးစမ်းသောအခါ ကြည်လင်သော ဖန်ဂူဟာကြီး ဖြစ်နေကြောင်း ပေါ်လာ၏။

သူသည် သူ၏ သားငယ် မြေခွေးများအား လျှို့ဝှက်တောင်၏ လျှို့ဝှက်ချက်များကို ရှင်းပြရန် ဝမ်းသာအားရ ပြေးဆင်းလာ၏။

'ပြေးကြဟေ့ ပြေးကြ၊ လူသား မုဆိုး လာနေပြီ'

မြေခွေးတွေ တပ်ကြီး ချီပြီး ပြေးထွက်သွားကြသည်။ မြေခွေးဘုရင်လည်း လူမုဆိုးကို ကြောက်ရွံ့သူပီပီ ရောနှော ထွက်ပြေးရသည်။ သူသည် ပြေးရင်းလွှားရင်းက အုပ်စည်းမပျက်ရှိကြစေရန် ကြိုးစားသည်။ ငယ်သားများမှာ ကြောက်စိတ်ကဲနေသဖြင့် တကွဲတပြား ပြေးကြသည်။ သိင်္ဂါလရာဇာ မကွပ်ကဲနိုင်။ သို့ဖြင့် သူလည်း ဆက်လက် ပြေးရတော့သည်။

သိင်္ဂါလရာဇာသည် နောက်ဆုံးမှ လိုက်ပါလာသည်။ ငယ်သားများကား နားလိုက် ပြေးလိုက် ရှိသေးသည်။

တစ်နေကုန် ပြေးပြီးသောအခါ သိင်္ဂါလရာဇာ အပြေး ရပ်သည်။ နောက်ကြောင်းသို့ ဖြည်းဖြည်းချင်း ပြန်လာပြီး စုံစမ်းသည်။

mgyoe.com

mgyoe.com


မုဆိုးကား အခြား သတ္တဝါများထက် မြေခွေးကို အငြိုးတကြီး လိုက်လံ သတ်ဖြတ်နေသည်။

မုဆိုးသည် တစ်ယောက်တည်း မဟုတ်။ အုပ်စုဖွဲ့လာခြင်း ဖြစ်သည်။ သူတို့သည် လှလည်း လှ၊ ကြီးလည်း ကြီးမားသော သိင်္ဂါလရာဇာ မြေခွေးမင်းကို မြင်သည်တွင် မြားမိုးရွာလျက် ညာသံပေးကာ ဝိုင်းလိုက်တော့သည်။ မြေခွေးကြီးမှာ နောက်ကြောင်းသို့ ပြန်မကြည့်ရဲဘဲ ထွက်ပြေးရတော့၏။

သို့ကြောင့် မြေခွေးကြီးမှာ ရက်အတန်ကြာမှ နောက်ကြောင်းသို့ ပြန်လှည့်ရဲ၏။ ထောင်ချောက် ရှိ၊ မရှိ ချောင်းမြောင်းနေသော မုဆိုး ရှိ၊ မရှိ စူးစမ်းရင်း တရွေ့ရွေ့ ချဉ်းကပ်လာ၏။

သူတို့နေခဲ့သော တောင်ခြေတွင် မြေခွေးများ မရှိတော့ပါ။ မြေခွေးတွေ ရှိကား ရှိပါ၏။ မြူးထူးအော်ဟစ် ပြေးလွှားနေသော မြေခွေးတွေ မဟုတ်။ အစွယ်ရှိသည့် သတ္တဝါ တစ်ကောင်ကောင်၏ ကိုက်သတ် ခံထားရသော မြေခွေး အသေတွေသာ ဖြစ်သည်။

မြေခွေးမင်းသည် မြေခွေးသေများကြားတွင် ဝပ်လျက် စောင့်ဆိုင်းသည်။ မကြာမီ မြေခွေးတစ်ကောင် ရောက်လာသည်။ သူတို့ နေရာကလေးသို့ ခြသေ့်တွေ ဝင်ရောက် နေထိုင်ကြောင်း၊ ပြန်လာသည့် မြေခွေးတိုင်းကို ကိုက်သတ်ပစ်ကြောင်း၊ မြေခွေးတွေ နေစရာမရှိ၍ ဆင်းရဲအတိဖြစ်နေကြကြောင်း သိရသည်။ သို့အတွက် မြေခွေးမင်းသည် ခြသေ့်များကို ချောင်းမြောင်း အကဲခတ်သည်။

မြေခွေးများ၏ နေရာသို့ ရောက်ရှိနေသော ခြသေ့်များမှာ ခုနစ်ကောင် ရှိသည်။ ခြသေ့်မများလည်း ခုနစ်ကောင် ရှိသည်။ သူတို့သည် ခြသေ့်ပေါက်စကလေးတွေ လေမိုးကင်းစင်စွာ နေနိုင်ရေးအတွက် မြေခွေးတောင်ကို ဝင်ရောက် လုယက် နေထိုင်ခြင်း ဖြစ်၏။

mgyoe.com

mgyoe.com


မြေခွေးကြီးသည် ခြသေ့်များ၏ အနေအထိုင် အသွားအလာကို စောင့်ကြည့်၏။ သူ စောင့်ဆိုင်းနေသော အချိန်ကောင်းသို့ ရောက်လာပြီ။

ခြသေ့်ထီးတွေ တညီတညွတ်တည်း အစာရှာ ထွက်သွားကြပြီ။ ခြသေ့်မတွေလည်း ကလေးတွေနှင့် ကစားနေရာက ထွက်သွားကြပြီ။ မြေခွေးကြီးသည် ပုန်းအောင်းနေရာမှ တစ်ဟုန်ထိုး ပြေးထွက်လာ၏။ တွေ့သမျှ ခြသေ့်ငယ်များကို ကိုက်သတ်၏။ အချို့ကို တောင်ထိပ်သို့ ချီသွားပြီး စားပစ်သည်။ အရိုးများကို ဖန်ဂူဟာဝန်းကျင်တွင် ချထား၏။ သူမူ ဖန်ဂူဟာထဲသို့ ဝင်ပြီး အိပ်နေလေ၏။

ခြသေ့်ကြီးတွေ အစာရှာရာမှ ပြန်လာကြပြီ။ ခြသေ့်ငယ် အသေများကို တွေ့သောအခါ ဒေါသထွက်ကြသည်။ ပုန်းအောင်းရာမှ ထွက်လာပြီး ခြသေ့်ကလေး တစ်ကောင်က အကြောင်းစုံကို ပြောပြသည်။ မြေခွေးရှိသော နေရာကို ညွှန်ပြသည်။

ခြသေ့်ထီးကြီးတွေ ဒေါသတကြီး မျှော်ကြည့်ကြ၏။

တောင်ထိပ်တွင် စင်းစင်းကြီး အိပ်ပျော်နေသော မြေခွေးကို မြင်ရ၏။

အကြီးဆုံး ခြသေ့်သည် မြေတွင် ဝပ်လျက် အမြီးနှင့် မြေကြီး ပုတ်၏။ ကျယ်လောင်စွာ ဟိန်းလျက် ပြေးတက်သွား၏။ မြေခွေးကို အဟုန်ပြင်းပြင်းဖြင့် ခုန်အုပ်၏။ တောင်အောက်သို့ ပက်လက်လန် ကျ၏။ ကျန်ခြသေ့်များ ပြေးသွားကြ၏။ ခြသေ့်ကြီး အသက် မရှိတော့။

သို့ဖြင့် ကျန်ခြသေ့်ကြီး ခြောက်ကောင်တို့ တစ်ကောင်ပြီး တစ်ကောင် ခုန်အုပ်ကြ၏။ မြေခွေးကား အိပ်ရာမှ မနိုး။ အားကောင်းမောင်းသန် ခြသေ့်ကြီး ခုနစ်ကောင်သာ ဖန်ဂူနှင့် ရင်အုပ်နှင့် ဆောင့်မိပြီး သေကုန်တော့၏။

ခြသေ့်ထီးကြီးတွေ သေကုန်လျှင် ခြသေ့်မတွေ ဆက်လက် မနေရဲချေ။ ဝေးရာသို့ ထွက်ပြေးကြပြီ။ သိင်္ဂါလရာဇာသည် ထိုအခါတွင်မှ

mgyoe.com

mgyoe.com


ဖန်ဂူဟာထဲမှ ထွက်လာသည်။ တောင်ထိပ်တွင် ရပ်လျက် မြေခွေးများကို အူသံပေးလျက် စုရုံး ခေါ်ငင်၏။ ဤသို့ဖြင့် မြေခွေးတို့၏နေရာတွင် မြေခွေးများ ပြန်လည် စုရုံး နေထိုင်ကြလေသတည်း။

❑

mgyoe.com

mgyoe.com



mgyoe.com

# ဇာတ်တူသား စား၍ ဟသ်ာ ကိုးသောင်း ပျက်

ဟိမဝန္တာ တောကြီးအတွင်း၌ ကြီးမားကျယ်ဝန်းသော ရွှေဂူကြီး တစ်လုံး တည်ရှိသည်။ ဂူကြီးမှာ ကြီးမားသည်နှင့်အမျှ ကျယ်လည်း ကျယ်ဝန်းရကား ရွှေဟသ်ာ ငှက်အုပ်ကြီး ဝင်ရောက် အိပ်စက် နားနေနိုင်ကြသည်။

ထိုသို့ ရွှေဂူကြီးထဲတွင် ရွှေဟသ်ာငှက်များ လာရောက် အိပ်စက်ဖန် များသောအခါ ရန်သူ ပေါ်လာ၏။ ရန်သူသည် ပင့်ကူ ဖြစ်၏။

ပင့်ကူသည် သူ၏ အစာဖြစ်သော သတ္တဝါများ၏ အသွားအလာ အနေအထိုင်ကို စောင့်ဆိုင်း လေ့လာပြီးမှ အမြွေးထောင်ချောက်ဖြင့် ဖမ်းယူလေ့ ရှိ၏။ ယခုလည်း ညချမ်းတိုင်လျှင် ဟသ်ာငှက်အုပ်ကြီး ရောက်လာလေ့ ရှိကြောင်း သေချာပေါက် သိရသဖြင့် ထောင်ချောက် ဆင်တော့၏။

ပင့်ကူ၏ အရွယ်ကား လှည်းဘီးခန့် ရှိ၏။

ထိုအခါတွင် သူ့ကိုယ်မှ ညှစ်ထုတ်လိုက်သော ပင့်ကူမျှင် တစ်ချောင်း တစ်ချောင်းမှာလည်း နွားချည်သော ကြိုးတမျှ တုတ်ခိုင် ကြီးမား၏။

နံနက်လင်း၍ အစာရှာထွက်ရန် ဂူဝသို့ ကြည့်လိုက်သောအခါ တစ်ညဉ့်လုံး ရက်ဖွဲ့ထားသော ပင့်ကူအိမ်ကြီးက ဆီးဆို့နေသည်။ ပင့်ကူ

mgyoe.com

mgyoe.com


အိမ်၏ အလယ်တည့်တည့်တွင် ရောမ ပင့်ကူကြီး။ နီရဲသော ပါးစပ်ကြီး ဖြဲလျက် အသင့် စောင့်ဆိုင်းနေ၏။

ဟသ်ာမများ၊ ဟသ်ာငယ်များသည် ကြောက်လန့်တကြား အော်ဟစ်ကြ၏။ ငိုကြွေးကြ၏။ တစ်ခါဖြင့် ခက်ကြပြီ စသည်ဖြင့်။ အမယ်လေး ပင့်ကူကြီး စသည် စသည်ဖြင့်။

အကြီးအကဲ ဟသ်ာမင်းသည် ဖရိုဖရဲ သွေးရူးသွေးတန်းဖြစ်နေသော ဟသ်ာများကြားသို့ တိုးဝင် ပျံသန်းသည်။ မကြောက်ရွံ့ရန်၊ မငိုကြွေးရန် နှစ်သိမ့်သည်။ အသံများ တိတ်ဆိတ်သွားလျှင် အသံကျယ်စွာ ပြော၏။

'ငါတို့ရဲ့ အရေအတွက်ဟာ ကိုးသောင်း ရှိတယ်၊ ပင့်ကူက တစ်ကောင်တည်း၊ ဘာမှ ကြောက်စရာ မရှိဘူး'

'သူ့အမြေးတွေက ထိရင် ကပ်နေတာ ဟသ်ာမင်းရဲ့'ဟု ဟသ်ာပျို တစ်ကောင်က မရဲတရဲ စောဒက တက်၏။

'တစ်ကောင်တည်း သွားတိုးရင် ငြိနေမယ်၊ ကပ်နေမယ်၊ သို့သော်လည်း ကြောက်စိတ်ကို ဖယ်ပြီး တညီတညွတ်တည်း အင်ကြီးအားကြီးနှင့် ဝင်တိုးရင် ငါတို့ရဲ့ ညီညွတ်တဲ့အားကို ဘယ်သူမှ မတားဆီးနိုင်ဘူး၊ ယုံကြည်ကြရဲ့လား'

'ယုံကြည်ပါတယ်'

ကျယ်လောင်သော အသံကြီး တစ်သံသည် ရွှေဂူအဝသို့ ပြေးထွက်လာ၏။ ပင့်ကူကြီးသည် အထိတ်တလန့် ပြိုကွဲမည့် ဟသ်ာကို စောင့်၏။ ကြောက်လန့်တကြား တစ်ကောင်စ နှစ်ကောင်စ ပြေးထွက်လာမှသာ ဦးနှောက်ကို ဖောက်စားမည်။ ယခု သွေးရူးသွေးတန်း မရှိ။ ငြိမ်ဝပ်သည်။ တစ်သံတည်း ရှိသည်။ မဖြစ်ချေဘူး၊ အတွေးဝင်ကာ ဘေးသို့ အသာအယာ တိမ်းရှောင်စ ပြုသည်။

mgyoe.com

mgyoe.com


ပင့်ကူကြီးဆောသို့ ကပ်နေဆဲ၌ ပြင်းထန်သော အသံကြီး ပေါ်လာ၏။

'ဟော့ ကျားဘသား၊ ဟင်္သာ ကိုးသောင်းရဲ့ အား'

မကြုံစဖူး ပြင်းထန်သော လေမုန်တိုင်းကြီး တိုက်ခတ်၏။

ထက်အောက် ဝဲယာ ပြည့်ညပ် ကျပ်သိပ်နေသော ဟင်္သာအုပ်ကြီးက ပင့်ကူအိမ်ကြီးကို အရှိန်ပြင်းစွာ ဝင်တိုးလေ၏။ ကြီးမားတုတ်ခိုင်သော ပင့်ကူအိမ် ပိုက်ကွန်ကြီး ပွင့်ထွက်သည်။ ဟင်္သာတွေနောက်သို့ ပါသွားသည်။

ရွှေဟင်္သာအုပ်သည် ရန်သူရှိမှန်း သိပါလျက်နှင့် သည်ရွှေဂူသို့ပင် ညစဉ် လာရောက် အိပ်စက်မြဲ အိပ်စက်ကြသည်။ ပင့်ကူကြီးလည်း အခြား တစ်ပါးသို့ ပြောင်းရွှေ့မသွားပါ။ အခါကောင်း အချိန်ကောင်းကို စောင့်ဆိုင်းနေသည်။

မိုးရာသီသို့ ရောက်လာခဲ့၏။

ရွှေဟင်္သာ ကိုးသောင်းသည် ညဝင် နေ့ထွက် ပြုမြဲ ပြုနေကြ၏။

မိုးလယ်ကာလ၏ တစ်နေ့တွင်ကား မိုးကြီးသည်းထန်စွာ ရွာချ၏။ ဟင်္သာတွေ အစာရှာထွက်ချိန် ရောက်ပြီ။ မိုးကား မရပ်ချေ။ မပါးချေ။ ထိုနေ့တစ်နေ့လုံး မိုးမတိတ်သဖြင့် ဟင်္သာတွေ အစာရှာမထွက်နိုင်ပေ။

မိုးသည် ဒုတိယနေ့တွင်လည်း တစ်နေ့လုံးလိုလိုပင် အဆက်မပြတ် ရွာနေပြန်၏။ ဟင်္သာကိုးသောင်း အစာရှာ မထွက်နိုင်။

တတိယနေ့တွင်လည်း မိုးမစဲ။ ဟင်္သာကိုးသောင်း အစာရှာ မထွက်နိုင်ပြန်ချေ။ သို့သော် ဝမ်းဟာလာကြပြီ။ မနေနိုင်မထိုင်နိုင် ဟိုပျံသည်လွှားဖြစ်သူ ဖြစ်ပြီ။ ထိုအချိန်တွင် အခွင့်ကောင်းကို စောင့်နေခဲ့သော ပင့်ကူကြီးက ဂူပေါက်ကို ပင့်ကူမျှင်များဖြင့် ပိတ်ဆို့နေလေပြီ။

အစာ ဆာလောင်သည့် ဝေဒနာ ပြင်းပြသောကြောင့် ဟင်္သာများမှာ ပင့်ကူအိမ်ကြီးကို သတိမမူအားကြပါ။ ကြံရာမရဖြစ်ကာ ဟင်္သာငယ်

mgyoe.com

mgyoe.com


ကလေးတွေကို သတ်စားကြပြီ။ ကိုယ့်ကလေးကို ကိုယ် စားခြင်း မဟုတ်။ တွေ့ရာမြင်ရာ ငှက်ကလေးများကို နိုင့်ထက်စီးနင်း သတ်ကြခြင်း ဖြစ်သည်။ အသတ်ခံရသော ကလေးတွေ၏ မိဘများက ကိုက်ကြ၊ ဆိတ်ကြဖြင့် ကသောင်းကနင်း ဖြစ်ကုန်ကြသည်။

ဟင်္သာမင်းသည် ခိုက်ရန် ဖြစ်ပွားနေသော ဟင်္သာများအား လာရောက် ဆုံးမသည်။ ဇာတ်တူသား မစားကြဖို့၊ ကြီးနိုင် ငယ်ညှဉ်း မလုပ်ကြဖို့၊ ခိုက်ရန်မဖြစ်ပွားဖို့ ဩဝါဒပေးခြင်း ဖြစ်သည်။

မိုးကြီးသည် စတုတ္ထနေ့နှင့် ပဉ္စမနေ့၊ ဆဋ္ဌမနေ့များတွင်ပါ ဆက်လက်သည်းထန်နေခဲ့သည်။ ဟင်္သာတွေမှာ အားနည်း ငယ်ရွယ်သူများအား စားခွင့် မရှိတော့ပါ။ ကုန်ခဲ့ပြီ။ ရွယ်တူတန်းတူချင်း ဆိတ်ဆွ ကိုက်ဖောက်စားရန်လည်း မဖြစ်ပါ။ သို့ဖြစ်သဖြင့် သက်ကြီးရွယ်အို ဟင်္သာများကို ဆိတ်ဆွစားသောက်ကြပြန်သည်။

ထိုအခါတွင်လည်း သက်ကြီးရွယ်အိုတို့၏ သားသမီးများနှင့် ခိုက်ရန် ဖြစ်ပွားကြပြန်သည်။ ရွှေဟင်္သာမင်းက ရှေးနည်းတူ လာရောက်ဆုံးမဩဝါဒပေးပြန်သည်။ သူ နောက်ကျသွားပြီ။ ရွှေဟင်္သာများ၏ အချင်းချင်း ချစ်ခင်ညီညွတ်စိတ် ပျက်ပြားခဲ့ပြီ။ ငါ့သားကို သတ်တဲ့ကောင်တွေ၊ ငါ့မိဘကို သတ်တဲ့ ကောင်မတွေ၊ ငါ့သမီးကို သတ်စားတဲ့ ကောင်တွေ ဟူသည့် အာဃာတစိတ်များ ရင်ဝယ် ပိုက်ထားကြပြီ။

သတ္တမနေ့။

ရှင်နေမင်းသည် ထိန်ထိန်ကြည်ကြည်ကြီး ထွက်ပေါ်လာသည်။ ဂူထဲသို့ပင် အလင်းရောင်ဖြာစဉ် ဝင်ရောက်လာသည်။ မိုးလေလည်း ကင်းစင် ကြည်လင်နေသည်။ ရွှေဟင်္သာများလည်း အတောင် တခတ်ခတ်ဖြင့် ပျော်ရွှင်နေကြသည်။

'သွားကြမယ်ဟေ့၊ ထကြ၊ ထကြ၊ လာကြဟေ့၊ သွားကြစို့'

mgyoe.com

mgyoe.com


ဟူသော အသံ ထွက်လာပြီး မကြာမီ အထိတ်တလန့် အော်သံကြီး ပေါ်လာ၏။ ဂူဝတွင် ပင့်ကူအိမ်ကြီး ပိတ်ဆို့နေသည့် သတင်း ဖြစ်သည်။

ဟသ်ာမင်းသည် ပင့်ကူအိမ်ကို တစ်ကြိမ် ဖျက်ဆီးနိုင်သည့် အတွေ့အကြုံ ရှိထားသဖြင့် အထူး မဆော်ဩပေ။ ထုံးစံအတိုင်း ရှေ့ဆောင်ကာ ပျံထွက်လာ၏။ သို့ရာတွင် သူ့ဝဲယာ ထက်အောက်၌ ဟသ်ာများ ပြည့်ညပ်မနေပေ။ စိတ်ဝမ်းကွဲနေသော ဟသ်ာများမှာ အုပ်ကွဲနေကြသည်။ တစ်အုပ်နှင့်တစ်အုပ် ခွာနေကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်စောင်နေကြသည်။ ထိုအခါ ပင့်ကူအိမ်ကို တိုးအား တိုက်အား မပြင်းထန်ပါ။ တိုးသူ တိုက်သူများသာ ပင့်ကူအိမ်ထဲတွင် ကားခနဲ ငြိမိကုန်ကြလေ၏။

ပင့်ကူသည် အလျင်အမြန် ပြေးလာသည်။ ငြိတွယ်နေသော ဟသ်ာများ၏ ဦးနှောက်ကို ဖောက်စားသည်။ နောက်တစ်အုပ် ပျံသန်းလာသည်။ ပင့်ကူအိမ်ကို မဖောက်ထွင်းနိုင်။ နောက်တစ်ဖွဲ့ ရောက်လာပြန်ပြီ။ ဓာတ်တူသား စားထားသဖြင့် ခွန်အား မရှိ။ အရေအတွက်လည်း နည်းပါးသဖြင့် ပင့်ကူအိမ်တွင်သာ လည်စင်းလျက် အမိခံကြရလေ၏။

ဤနည်းဖြင့် အရေအတွက် များပြားပြီး အင်အားလည်း ကြီးမားသော ရွှေဟသ်ာ ကိုးသောင်းမှာ မရှုမလှ သေကျေ ပျက်စီးရလေသတည်း။

❑

mgyoe.com

mgyoe.com

# တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုး

တစ်ခုသော ဗာရာဏသီပြည်တွင် တစ်ဦးသော ဗြဟ္မဒတ်မင်း စိုးစံ အုပ်ချုပ် မင်းလုပ်တော်မူစဉ်က ဖြစ်ပေ၏။

ထိုဗြဟ္မဒတ်မင်းသည် အပေါင်းအဖော် ခြံရံသင်းပင်းများနှင့် အမဲလိုက်ထွက်ရန် ဝါသနာ ပါတော်မူ၏။ သို့အတွက် စစ်သူကြီးနှင့် အမတ်များကို ခေါ်ကာ မကြာခဏ တောကစား ထွက်တော်မူလေ့ ရှိ၏။

တစ်နေ့သောအခါတွင် ဘုရင်နှင့် အမတ်များသည် သမင်ပျို တစ်ကောင် ပုန်းအောင်းနေသည့် တောအုပ်ကို ဝန်းရံထားမိကြ၏။ ဘုရင်လည်း မည်သူက မည်သည့်နေရာမှ စောင့်ရမည်ဟု တာချပေး၏။ ကိုယ့်တာမှ သားကောင် လွတ်မထွက်စေရ ဟူ၍လည်း အမိန့်ပေးထား၏။

တောခြောက်သူများက ညာသံပေးကာ တောကို နင်းသည်။ ချုံတွေကို တုတ်ဖြင့် ရိုက်၊ လှံဖြင့် ထိုးသည်။ ဝါးလုံးတွေကို ခေါက်သည်။ သမင်ပျို နေစရာ မရှိတော့။ ထွက်မိထွက်ရာမှ စွတ်ခနဲ ပြေးထွက်သည်။

သမင်ပျိုသည် သာမန် သမင် မဟုတ်။

ဣတ္ထိယ မိန်းမများတွင် ကလက်သော၊ နန့်သော၊ လော်မာသော၊ ပျံသော မိန်းမ ဟူ၍ ရှိ၏။ ပျံသော မိန်းမသည် အဖမ်းရ ခက်၏။

mgyoe.com

mgyoe.com


အဖမ်းရ လွယ်မယောင်နှင့် ယောက်ျားတို့အား ရူးသွပ်အောင် လုပ်၏။

သမင်ပျိုလည်း မိန်းမပျိုကဲ့သို့ ဖြစ်၏။

လေး၊ လှံဖြင့် ပစ်သည်ကို သမင်ပျိုသည် တုံ့ရပ်ပြီး ရှောင်၏။ ဝပ်ပြီး ရှောင်၏။ အပြင်းပြေး၍ ရှောင်၏။ အသေကောင်ကဲ့သို့ ဗိုက်ကြီး ဖောင်းလျက် လှဲချနေပြီး အနားသို့ လူရောက်လာမှ ထပြေး၏။

ထိုကဲ့သို့ နာမည်ကြီးသော သမင်ပျိုသည် ပြည့်ရှင်မင်း၏ တာမှ ပြေးထွက်၏။ ပြည့်ရှင်မင်းသည် သမင် ပြေးနှုန်း၊ လှံပြေးနှုန်းကို တွက်ကာ ကြိုပြီး ပစ်၏။ သမင်က တုံ့ခနဲ အပြေးရပ်ပြီးမှ ဆက်ပြေး၏။

'ရွှေသမင် ဘယ်က ထွက်၊ မင်းကြီး တာက ထွက်၊ ဝါးဟားဟား'

သရော်သံတွေ ပေါ်လာလျှင် ပေါ်လာချင်း လေးကို တင်ကာ ရထားပေါ် ပြေးတက်သည်။ သမင်ပြေးသည့် စေးပျစ်တော တစ်လျှောက် တရကြမ်းလိုက်သည်။ ပစ်သည်။ သမင်ပျိုလည်း ရှောင်တိမ်း ပြေးလွှား သည်။ ကွေ့ပတ်ပြေးသည်။

ပြေးရင်း ပြေးရင်းနှင့် သမင်သည် ချောက်ကမ်းပါးအောက်သို့ ဆင်းပြေးသည်။ ဘုရင်လည်း ရထားပေါ်မှ ဆင်းပြီး လိုက်သည်။ သမင် ပျိုသည် ခြေရာသော်မျှ ချန်မထားခဲ့တော့ပါ။

ပြည့်ရှင်မင်းသည် ရထားရှိရာသို့ ပြန်လာသည်။ ရထားစီးကာ အမတ်များ ကျန်ခဲ့သည့် နေရာသို့ မှန်းဆ မောင်းနှင်လာသည်။

လာလမ်းကို ရထားထိန်းရော၊ ဘုရင်ပါ မမှတ်မိတော့ပါ။ နေ ကလည်း ပူလာသည်။ မြင်းရော၊ လူပါ ချွေးစက်စက် ကျနေသည်။ တောအုပ်တစ်ခု၏ အဝင်ဝတွင် ညောင်ပင်ကြီး တစ်ပင် မြင်သဖြင့် ဝင်ရောက် နားခိုကြသည်။

မြင်းထိန်းသည် ညောင်ပင်ရင်း၌ ဘုရင်နားနေရန် နေရာထိုင်ခင်း ပြင်ဆင်ပေးသည်။ မြင်းကို ရထားထဲမှ ချွတ်သည်။ ကကြိုးတန်ဆာ

mgyoe.com

mgyoe.com


ဖြုတ်ကာ ချွေးသုတ်ပေးသည်။ မကြာမီ ကြက်တူရွေး တစ်ကောင် ညောင်ပင်ခွကြား၌ လာနားသည်။ ဘုရင်နှင့် မြင်းရထား မြင်းကကြိုး တန်ဆာတွေကို ငုံ့ကြည့်သည်။ ချက်ချင်း ထပျံကာ လူစကားဖြင့် အော်ဟစ်သည်။

'ဝိုင်းဟေ့ ဝိုင်းဟ'

ကြက်တူရွေးသည် ပျံထွက်သွားလိုက် ညောင်ပင်အနီးသို့ ပြန်လာလိုက်နှင့် လူးလာခေါက်တုံ့ ဖြစ်နေသည်။

'ဟေ့... ဘာငေးနေကြတာတုံး၊ ညောင်ပင်အောက်မှာ အဝတ်အစား တောက်တောက်ပပနှင့် လူတွေ ရောက်နေတယ်၊ ဝိုင်းကြ၊ သတ်ကြ၊ လုကြပါတော့လား'

ဘုရင်သည် ဖျတ်ခနဲ ထထိုင်ကာ နားထောင်ကြည့်သည်။

'မင်းတို့ လုပ်နေတာနှင့်ပဲ သည်မှာ ပြေးတော့မယ်၊ မြင်းကလည်း မြင်းကောင်း၊ ရထားကလည်း ခမ်းနားပါဘိသနှင့်၊ ထကြပါတော့လား၊ ဝိုင်းဟေ့ဝိုင်းဟ၊ မလွတ်စေနှင့်၊ လူတွေ သတ်၊ အဝတ်တွေ ချွတ်ယူ'

ဘုရင်မင်းမြတ်သည် ထရပ်ကာ လေးတော်ကို တင်သည်။

'ရထားကို အမြန်ဆုံး ပြင်ဟဲ့'

ကြက်တူရွေး၏ အော်သံကို ရထားထိန်းလည်း နားလည်သည်။ မြင်းကို ကကြိုးတန်ဆာ ဆင်သည်။ ရထားတွင် အမြန်ဆုံး ကသည်။ အသင့်ဖြစ်လျှင်ဖြစ်ချင်း ဘုရင်လည်း မြင်းရထားပေါ် ခုန်တက်သည်။ ရထား စိုင်းနှင်သည်။

'တောပုန်းဓားပြတွေနေတဲ့ နေရာနဲ့ တူတယ် မောင်မင်း'

'ဖြစ်နိုင်ကြောင်းပါ ဘုရား၊ ခုနက ကြက်တူရွေးဟာ သူတို့ မွေးထားတဲ့ ကြက်တူရွေး ဖြစ်မယ် ထင်တယ် ဘုရား'

ခရီး အတန် နှင်မိမှ ဘုရင်လည်း စကားပြောနိုင်သည်။ ရထား

mgyoe.com

mgyoe.com


ထိန်းလည်း ထင်မြင်ချက် ပေးနိုင်သည်။

'အင်း... အပဟိတ်တိရစ္ဆာန် ကျေးငှက်ပင် ဖြစ်သော်လည်း သတ်ဟ၊ ဖြတ်ဟ၊ ဝိုင်းဟ၊ လုဟ ပြောဆိုတာတွေ အချိန်ရှိသရွေ့ ကြားနေရတော့ သူလည်း ဓားပြစိတ်၊ တောပုန်းစိတ် ဝင်နေပြီကော မောင်မင်း'

'မှန်လှကြောင်းပါ ဘုရား'

ကျွန် အရှင် နှစ်ဖော် စကားတပြောပြောဖြင့် ရထားနှင်လာကြသည်။ လာလမ်း ရထားဘီးရာကို မတွေ့သေး။ ရှေ့ခပ်လှမ်းလှမ်းတွင်ကား တဲယောင်ယောင် အဆောက်အအုံများ မြင်ရသည်။ သည်နေရာတွင် ဝင်ရောက် စုံစမ်းလျှင် ရွှေမြို့တော်သို့သွားသည့် လမ်းကို ညွှန်နိုင်တန်ရာ၏။

'အဲသည် သစ်ပင် အုပ်အုပ်ဆိုင်းဆိုင်း မြင်ရတဲ့ နေရာကို နှင်စမ်း မောင်မင်း'

ပြည့်ရှင်မင်းက လည်ပင်းရှည်ကြည့်ရင်း အမိန့်ပေးသည်။

လူတို့ ပြုစုစိုက်ပျိုးထားသော ငှက်ပျော၊ အုန်း၊ ထန်း၊ မာလကာ၊ ပိန္နဲ၊ သရက်၊ ကျွဲကော၊ ရှောက်၊ သံပရာပင်များ စည်ကားဝေမြိုင်သည့် ဥယျာဉ်ဝသို့ ရထား ရောက်လာသည်။ ဥယျာဉ်ထဲ၌ သစ်ရွက်မိုး တဲများ ဟိုတစ်တဲ သည်တစ်တဲ ရှိသည်။

ပြည့်ရှင်မင်းသည် လေးကိုဆွဲ ဓားကို လွယ်လျက် ဥယျာဉ်ထဲသို့ ဝင်သည်။ တဲခေါင်မိုးပေါ်မှ ကြက်တူရွေး တစ်ကောင် ထိုးဆင်းလာသည်။

'အာဂန္တုတွေ ကြွတော်မူကြပါ၊ ကြွတော်မူကြပါ၊ ဟောသည်မှာ ခြေဆေးရေ ရှိပါတယ်၊ အလိုရှိသလောက် ဆေးတော်မူကြပါ'

ဘုရင်သည် အံ့သြ ဝမ်းသာစွာဖြင့် ခြေဆေးသည်။

'အာဂန္တုကြီးများ ကြွကြပါ ခင်ဗျာ၊ ဟောသည် ခေါင်းရင်းမှာ သောက်ရေအိုး တည်ထားပါတယ်၊ အလွန် ချိုမြိန်တဲ့ ငှက်ပျောသီးမှည့်

mgyoe.com

mgyoe.com


တွေ့ ပိန္နဲသီးတွေကိုလည်း အလိုရှိသလို သုံးဆောင်တော်မူကြပါ'

ဘုရင်သည် ကြက်တူရွေး လူလားဆန်ခတ် လုပ်ပြသော နေရာ၌ ထိုင်သည်။ သူ ထိုင်မိသော နေရာ၏ ဘေးဘီကို အကဲခတ်သည်။ ကြက်တူရွေးသံကလေး ပေါ်လာပြန်၏။

'သည်နေရာဟာ ရှင်ရသေ့များရဲ့ ကျောင်းသခ်မ်းပါ အာဂန္တုကြီး၊ ရှင်ရသေ့များ သစ်သီးဆွမ်းခံ ထွက်နေတော်မူကြပေမဲ့ အားနာတော် မမူပါနှင့်၊ အေးအေးဆေးဆေး အပန်းဖြေ လဲလျောင်းတော်မူပါ၊ အိပ်စက်တော်မူပါ'

သို့စဉ်တွင် မြင်းထိန်းလည်း ရောက်လာကာ ပိန္နဲသီးမှည့်တွေ စားသည်။

'ကျေးပင် ဖြစ်သော်လည်း ရိုင်းစိုင်းရက်စက်တဲ့ကျေးနှင့် ယဉ်ကျေးဖော်ရွေတဲ့ကျေး၊ ကွာခြားလိုက်ပုံကဖြင့် အံ့လောက်စရာပဲ မောင်မင်း'

'ကိုယ်တော့်နှယ်၊ ဟိုကျေး ရိုင်းစိုင်းယုတ်မာပုံက အံ့မခန်းပဲ ဘုရာ့'

'သည်ကျေးကရော မောင်မင်း'

'သူ့ကျတော့လည်း မယုံနိုင်စရာကောင်းအောင် ဖော်ရွေလှ ယဉ်ကျေးလှပါသ ဘုရား'

ထိုအခါ ငှက်ပျောခိုင်ပေါ်တွင် နားနေသော ကျေးကလေးက ဝင်ပြော၏။

'တန်တော့ တန်တော့၊ အာဂန္တုကြီးတို့ဟာ ကျွန်တော့်ညီ ကုမ္ဘသူဝနှင့် တွေ့ခဲ့ကြပြီ ထင်တယ်'

'သတ်ကြဟ၊ လုကြဟ၊ ဝိုင်းဟော့ ဝိုင်းဟ အော်တဲ့ ကျေးလေ'

ရထားထိန်းက ဖြည့်စွက်ပေး၏။

'မှန်ပါတယ် အာဂန္တုကြီးရယ်၊ သူဟာ ကျွန်တော့်ညီ အရင်းပါ'

'ညီအစ်ကိုအရင်းသာ ဆိုတယ်၊ ရိုင်းပုံ ယဉ်ကျေးပုံကဖြင့် အရှေ့

mgyoe.com

mgyoe.com


နှင့် အနောက်လို ကွာခြားနေပါကလား ကျေးကလေးရယ်'

ဘုရင်မင်းမြတ်၏ သုံးသပ်စကား ဖြစ်သည်။

'ကျွန်တော်တို့ဟာ သည်တောကြီးထဲက သစ်ပင်ကြီးတစ်ပင်ရဲ့ သစ်ခေါင်းထဲမှာ တစ်ဝမ်းတည်းက ပေါက်ဖွားလာသူများ ဖြစ်ကြပါတယ်၊ အာဂန္တုကြီးရယ်'

ဘုရင်နှင့် ရထားထိန်းတို့၏ သိလိုစိတ်ကို ကြက်တူရွေးကလေးက ဖြည့်စွမ်း၏။

'ပြောပါဦး ကျေးကလေးရယ်၊ သိပါရစေ'

'ကျွန်တော်တို့ ညီအစ်ကို အပျံသင်စအရွယ်မှာ အမိအဖတို့ရဲ့ အစောင့်အရှောက်နှင့် ပျံသန်းနေကြတုန်းမှာ လေကြီးမိုးကြီး ကျလာပါလေရော ခင်ဗျာ။ အမေတို့ အဖေတို့လည်း မကူညီနိုင်ဘဲ ကျွန်တော်တို့ ညီအစ်ကို မိုးထဲလေထဲ ပါသွားတော့တာပေါ့'

'ဆက်ပါဦး ကျေးကလေးရယ်၊ ဆက်ပါဦး'

ရထားထိန်းက ဝမ်းနည်းသံဖြင့် ပြောသည်။

'ကျွန်တော်တို့လည်း ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ လွင့်ပါသွားရာက ညီလေးက ဓားပြတွေရဲ့ လက်နက်ပုံထဲ ကျသွားတဲ့အတွက် ကုမ္ဘသူဝလို့ ခေါ်တာပါ။ ကျွန်တော်ကတော့ ရှင်ရသေ့တွေရဲ့ ပန်းပုံထဲကို လာကျတဲ့အတွက် ပုပ္ဖသူဝလို့ ခေါ်ပါတယ်'

'နားလည်ပါပြီ ကျေးကလေးရယ်။ နေ့ရှိသရွေ့ မေတ္တာပို့သံ၊ အမျှပေးဝေသံ၊ တရားဘာဝနာ ဆင်ခြင်သံတွေ ကြားနေရတဲ့ အမောင်က ရှင်ရသေ့တွေနည်းတူ သိမ်မွေ့နူးညံ့တာ ယဉ်ကျေးတာပေါ့လေ'

'မှန်ပါတယ် ခင်ဗျာ၊ မှန်ပါတယ်'

သို့စဉ်တွင် ကျောင်းသင်္ခမ်းအနီးသို့ မြင်းစီး ယောကျ်ားများ ရောက်လာကြသည်။ ရထားဘီးရာကို ခြေရာခံလျက် အမတ်တွေ လိုက်လာကြ

mgyoe.com

mgyoe.com


ခြင်း ဖြစ်သည်။

'ကျေးကလေးရေ၊ သွားခွင့်ပြုပါဦး။ ရှင်ရသေ့တို့ကိုလည်း ဦးခိုက်သွားတယ်လို့ တင်လျှောက်လိုက်ပါကွယ်'

ပြည့်ရှင်မင်းသည် ရသေ့များ၏ အိပ်ရာ ညောင်စောင်းကို ရိုသေစွာ ရှိခိုးပြီးနောက် ကျောင်းသခ်မ်းထဲမှ ကြည်နူးရွှင်ပျစွာ ထွက်ခွာတော်မူခဲ့လေသတည်း။

❑

mgyoe.com

mgyoe.com

## ဝစီဗေဒ ထိတ်ကိုင်းရှ

**ကောင်းကင် ခရီးသွားနှင့် ယဉ်ပါးခြင်း**

ဤဘဒ္ဒကမ္ဘာတွင် ပေါ်ပေါက် ဖြစ်တည်သော ဗာရာဏသီပြည်ကြီး၀ယ် နှစ်ဆယ့်လေးကုဋေ ကြွယ်ဝသော သူဌေး တစ်ဦး ရှိလေသည်။ ထိုသူဌေး၌ သမီးတစ်ယောက် ထွန်းကားရာ အလွန် အဆင်းလှပေသည်။ သူဌေး လင်မယားသည် တစ်ဦးတည်းသော သမီးအား အသက်ကဲ့သို့ ချစ်ခင် လေးမြတ်ကြချေသည်။

သူဌေးသမီးသည် ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လာသည်။ ပွင့်စပန်းကဲ့သို့ တိုးဆင့်၍ အလှကြွယ်သည်။ မိဘတို့လည်း ပြာသာဒ်ကြီး တစ်ဆောင် ဆောက်သည်။ ပြာသာဒ်၏ အထက် ကျက်သရေရှိသော တိုက်ခန်း၌ သမီးလှကို ထားသည်။ သမီးနှင့်အတူ အခိုင်းအစေ မိန်းမ တစ်ယောက်သာ ရှိသည်။

အခိုင်းအစေ မိန်းမလည်း သူဌေးသမီးအား သစ္စာရှိစွာ စောင့်ရှောက်၏။ စကား အောင်သွယ်တတ်သော မိန်းမများကို လာခွင့် မပြုပေ။ သို့ပါလျက်နှင့် သူဌေးသမီးတွင် ကိုယ်ဝန်ရှိသော လက္ခဏာများ ပေါ်ပေါက်လာသည်။ အခိုင်းအစေ မိန်းမလည်း ထိတ်လန့်တုန်လှုပ်စွာဖြင့် မေးမြန်း

mgyoe.com

mgyoe.com




စစ်ဆေးရတော့သည်။

သည်ပြဿဒ်ပေါ်တွင် သူဌေးသမီးနှင့်အတူ သည်မိန်းမသာ ရှိသည်။ ယောကျ်ား မဆိုထားဘိ၊ မိန်းမ ညှော်သည်ပင် မလာရ။ သို့ရာတွင် သူဌေးသမီးသည် မြေတွင် သွားသော ယောကျ်ားနှင့် ဖြစ်ခွင့်မရှိသောအခါ လေတွင် သွားသော ယောကျ်ားနှင့် ဖြစ်ကာ ကိုယ်ဝန် ရှိသည်။

လေတွင် သွားသော ယောကျ်ားကား ဝိဇ္ဇာဓိုရ်ပေတည်း။

ဝိဇ္ဇာဓိုရ် ယောကျ်ားသည် မန္တန်အစွမ်းဖြင့် ကောင်းကင်ခရီးမှ သွား၏။ လေသာပြတင်း၌ ထွက်ရပ်နေသော မိန်းမပျိုကို မြင်၏။ အဆင်းလည်း လှ၊ အရွယ်လည်း နုပျို၏။ အထိန်း မိန်းမ မသိအောင်

mgyoe.com

mgyoe.com


ချဉ်းကပ်၏။ စကားစမြည် ပြော၏။ ကြာသောအခါ ခင်မင် တွယ်တာ မိကြရာက လွန်လွန်ကျွံကျွံ ဘ၀သို့ ရောက်ခြင်း ဖြစ်၏။

မည်ကဲ့သို့ ဖြစ်စေကာမူ တာ၀န်မှာ အထိန်းမိန်းမ၏ တာ၀န်သာ ဖြစ်၏။ သို့အတွက် ကိုယ်၀န်ရှိကြောင်း မသိစေရန် သိုသိုသိပ်သိပ် ပြာသာဒ်ပေါ်မှာသာ အနေခိုင်း၏။ အချိန်စေ့သောအခါ သူဌေးသမီးနှင့် အထိန်း မိန်းမတို့ ကျိတ်ပြီး ကိုယ်၀န်ကို မွေးဖွားသည်။

မွေးဖွားလာသော ကလေးငယ်မှာ ယောက်ျားကလေး ဖြစ်သည်။ အဆင်းလှသည်။ ယောက်ျားမြတ်တို့၏ အင်္ဂါ လက္ခဏာဖြင့် ပြည့်စုံသည်။

သို့သော် ထိုအချက်တွေကို သူဌေးသမီးရော အထိန်းမပါ ငဲ့ကွက် မနေနိုင်ပါ။ လင်မရှိဘဲ ကလေးမွေးသည့် အရှက်တကွဲ အကျိုးနည်း ကိစ္စကို ဖုံးဖိရမည်။ ဖုံးဖိရေးမှာ သက်သေသက္ကာယ ဖြစ်သော ကလေး ငယ်ကို ဖျောက်ဖျက်ပစ်ရန် ဖြစ်၏။

သို့ကြောင့် အထိန်းမိန်းမသည် ကလေးငယ်ကို အိုးသစ် တစ်လုံး တွင် ထည့်၏။ အိုးအပြင်ဘက်တွင် နံ့သာရည်တွေ ပက်သည်။ ပန်းတွေ ၀ေနေအောင် စိုက်သည်။ ခေါင်းပေါ်ရွက်ပြီး ပြာသာဒ်ပေါ်မှ အေးဆေးစွာ ဆင်းလာသည်။

'ဟဲ့ ဒါက ဘာလုပ်တာတုံး၊ ဘယ်သွားမလို့တုံး'

သည်မေးခွန်းနှင့် ကြုံလာလျှင် မည်သို့ ဖြေကြားရမည်ကို အထိန်း မိန်းမ ကြိုတင် တွက်ထားပြီး ဖြစ်သည်။ အဖြေကိုလည်း ရှာထားပြီး ဖြစ်သည်။

'ဩော်... သခင်မပါ၊ မြစ်စောင့် နတ်မင်းကို အပူဇော်ခိုင်းလို့ပါ'

ခြေလှမ်းမပျက် မျက်နှာမပျက် အသံမပျက်ဘဲ အထိန်း မိန်းမ ဖြေကြားလိုက်၏။ သူသည် ယုတ္တိရှိစွာဖြင့်ပင် ပန်းတွေ ၀ေနေသော အိုးသစ်ကို ဂင်္ဂါမြစ် ရေလျဉ်ကြောသို့ မျှောချပြီးနောက် စိတ်လက်ပေါ့ပါး စွာ အိမ်သို့ ပြန်လာခဲ့လေ၏။

mgyoe.com

mgyoe.com


မောင်ဆံလိပ် အမည်ဖြင့်

အထိန်းမိန်းမ မျှောချလိုက်သော ပန်းတွေ ဝေနေသည့် အိုးသစ်သည် ဂင်္ဂါမြစ်အတိုင်း တအိအိ မျောပါလာရာ ဥဇ္ဇေနီပြည်၏ တစ်ခုသော ရေဆိပ်သို့ ရောက်လာခဲ့လေ၏။ ရေဆိပ်တွင် လူအများ ရေချိုး အဝတ်လျှော်နေကြ၏။ တငြိမ့်ငြိမ့် မျောလာသည့် အိုးသစ်ကို မြင်သူလည်း ရှိ၏။ သတိမထားမိသူလည်း ရှိ၏။

ထိုအထဲမှ မိန်းမ နှစ်ယောက်မှာမူ သူတစ်ပါးထက် စိတ်ဝင်စား၏။

'ဟော... ဟိုမှာ မျောလာတဲ့ အိုးဟာ ငါ့အိုးဟေ့၊ ကြိုကြိုတင်တင် ပြောလိုက်ပါရဲ့။ အခု မျောလာတဲ့ အိုးဟာ ငါ့အိုးနော်'

မိန်းမ တစ်ယောက်က အော်လည်း အော်၊ လက်ညှိုးလည်း ထိုးပြ၏။

'အိုးကို ညည်း ယူအေ၊ အိုးထဲဟာ ငါ့ဟာပေါ့'

ဆေးချင်းယှဉ်လျက် ရေချိုးနေသော မိန်းမကလည်း အများ ကြားအောင် အော်ဟစ် ပြောသည်။

'ဒါဖြင့်လည်း ကြိုပြီး သွားနှင့်ရအောင်ဟေ့၊ အောက်ဘက် ရောက်သွားရင် မောနေဦးမယ်'

မိန်းမနှစ်ယောက်သည် ရေစီးကြောင်းဘက်သို့ အတူ ကူးခပ်သွားကြ၏။ အိုးသစ်ကို အတူ ဆယ်ယူ တွန်းရွှေ့လာကြ၏။

သူတို့သည် ရေစပ်တွင် ထိုင်ကြ၏။ ပန်းတွေကို ဖယ်ပစ်၏။ ဘာတွေများ ပါပါလိမ့် ဟူသည့် သိချင်ဇောဖြင့် အငမ်းမရ ငုံ့ကြည့်ကြ၏။

'သနားစရာ၊ ချစ်စရာကလေးဟဲ့'

'ယောကျ်ားကလေးဟဲ့၊ ဟန်ကျတာပဲ၊ အိုးထဲကဟာ ငါ့ဟာလို့ အစကတည်းက ငါ ပြောထားတာ၊ ကြီးရင် ရှင်ပြုမယ်'

ဒုတိယ မိန်းမက ခုန်ဆွ ခုန်ဆွ အော်သောအခါ ပထမ မိန်းမက မျက်စောင်းကြီး ထိုးလျက် ရန်တွေ့၏။

mgyoe.com

mgyoe.com


'ညည်းနှင့် ဘာဆိုင်လို့ ရှင်ပြုရမှာတုံး၊ သည်အိုးဟာ ငါ့အိုး ဖြစ်နေမှတော့ အိုးထဲမှာ ပါတာလည်း ငါ ပိုင်တာပေါ့'

'သလိုဆိုလည်း အစက ဘာပြုလို့ မပြောတုံး'

'မပြောချင်လို့ မပြောတာပေါ့၊ ဖယ်'

ပထမမိန်းမက ပြောပြောဆိုဆို တွန်းပစ်သည်။ ဒုတိယ မိန်းမက အိုးနှုတ်ခမ်းကို အရအမိ ဆုပ်ကိုင်ထားသည်။

'ဟဲ့ ဘာဖြစ်ကြတာတုံး၊ မင်းမရှိတဲ့ တိုင်းပြည်။ တရားဥပဒေမဲ့တဲ့ အရပ် မဟုတ်ဘူး၊ အငြင်းအခုံဖြစ်ရင် တရားနှင့် စကားပြော၊ လက်နှင့် မပြောရဘူးလေ'

ရေချိုးနေသော လူကြီးသူမများ ရောက်လာကြသည်။

ဒေါသမီးကို ဆုံးမ ငြိမ်းသတ်ပေးကြရာ ကုတ်ဖဲ့ တွန်းထိုးမှုများ ရပ်စဲသွားသည်။

'ကိုယ် မှန်တယ် ထင်ရင် ဘာပြုလို့ ပြည့်ရှင်မင်း ရှေ့တော်ကို မဝင်ရဲရမှာတုံး၊ လာ လိုက်ခဲ့ကြ၊ ဘုရင်မင်းမြတ် ဆုံးဖြတ်ရာ နာခံကြ'

လူကြီးများသည် မိန်းမ နှစ်ယောက်အား ဘုရင့် ရှေ့တော်သို့ ခေါ်လာကြသည်။ ဥဒေ္ဓနီ ပြည့်ရှင်မင်းသည် မိန်းမ နှစ်ယောက်၏ လျှောက်လဲချက်ကို သေချာစွာ နားဆင်၏။ စေ့စပ်စွာ စစ်မေး၏။ ထို့နောက် အဆုံးအဖြတ် ပေးတော်မူ၏။

'သက်သေများ၏ ထွက်ဆိုချက်၊ ကာယကံရှင်များ၏ ဝန်ခံချက် အရ အခု မျောလာတဲ့ အိုးလို့ အော်သူဟာ အိုးကို ရစေ၊ အိုးထဲကဟာ ငါ့ဟာလို့ အော်မှတ်သူက အိုးထဲမှာ ပါတာကို ယူစေ'

ဤနည်းဖြင့် ဒုတိယမိန်းမသည် လင်ကောင်မပေါ်ဘဲ မွေးလာရသည့် ကလေးငယ်ကို ရသွားလေ၏။ သူသည် ကလေးကို အိမ်သို့ အပြေးအလွှား ယူလာ၏။ ရေမိုးသန့်စင်ကာ အမွှေးနံ့သာများ လိမ်းကျံပေးသည်။ တရော်ကင်ပွန်းဖြင့်လည်း ခေါင်းလျှော်ပေးရသေးသည်။

mgyoe.com

mgyoe.com


ကလေးငယ်မှာ အပြေးအလွှား စွန့်ပစ်ခြင်းခံရသဖြင့် ရေမချိုးခဲ့ရ၊ ခေါင်းမဆေးခဲ့ရရှာ။ ထိုသို့ ခေါင်းမဆေးခဲ့ရ၍ ဆံပင်တွေ တွန့်ခွေလိပ် နေသည်။ သူ၏ မွေးစားအမေသည် ဆံပင်တွေ၏ အနေအထားကို အစွဲပြုလျက် ကလေးအား အမည်ပေးလိုက်၏။ မောင်ဆံလိပ်။

**မဟာကစ္စည်းထေရ်၏ ကျေးဇူးတော်**

မောင်ဆံလိပ်၏ မွေးစားမိခင်မှာ အရှင် မဟာကစ္စည်းထေရ်၏ တပည့် ဒါယိကာမ ဖြစ်သည်။

သူသည် ကလေးကို တရားတဘောင် တွေ့ကာ ရယူခြင်းမှာ ချစ်ခင်ခြင်းသက်သက်ကြောင့် မဟုတ်ပေ။ သာသနာရေး ရည်မှန်းချက် ကြောင့် ဖြစ်ပေသည်။

သူက ကလေးကို ကောင်းမွန်စွာ သုတ်သင် ကျွေးမွေးမည်။ အတန်ကြီးပြင်းလာလျှင် ဆရာတော့်ထံ အပ်နှံကာ ရဟန်း အဝတ်ခိုင်း မည်။ ထိုအခါတွင် ဆရာကောင်းတပည့် ပန်းကောင်းပန်သော သာသနာ့ ဝန်ထမ်း ရဟန်းတော်တစ်ပါး တိုးပွားလာစိမ့်မည်။ ဤရည်မှန်းချက်ဖြင့် ကလေးကို ရအောင် ယူခြင်း ဖြစ်၏။

မောင်ဆံလိပ်သည် ကျန်းမာ သန်စွမ်း၏။ ချစ်ဖွယ် ကောင်း၏။ တရွေ့ရွေ့ ကြီးပြင်းလာရာ မတ်တတ် ကောင်းစွာ သွားလာနိုင်သည်အထိ ကြီးပြင်းလာပြီ။

တစ်နေ့တွင် ဆရာတော် ရှင်မဟာကစ္စည်းထေရ် ကြွလာတော်မူ ၏။ အမြဲ သန့်ပြန့် ရှင်းလင်းနေမြဲ အိမ်တွင် ဖုန်တွေ၊ ရွှံ့တွေ ပေကျံ နေကာ ကစားစရာတွေ ပေပွနေသည်ကို ဆရာတော် သတိထားမိ၏။

'ဟဲ့… ဥပါသိကာမ၊ သည်ကလေး ဘယ်က ရသတုံး'

'ရေမျောလာတာပါ ဘုရား၊ ဒါပေမဲ့ တရားတဘောင် တွေ့ပြီးမှ တပည့်တော်မ ရတာပါ ဘုရား'

mgyoe.com

mgyoe.com


မောင်ဆံလိပ်၏ မိခင်သည် ရေချိုးဆိပ်က အဖြစ်အပျက်ကို ပြန်ပြောင်းတင်လျှောက်၏။

'သရဏဂုံ ပဉ္စသီလတွေ သင်ပေးရဲ့လားဟဲ့'

'သရဏဂုံလည်း မြဲပါသ ဘုရား၊ ငါးပါးသီလလည်း စောင့်ထိန်းရမှန်း သိပါသ ဘုရား'

ဆရာတော်သည် ကလေးအား စေ့စေ့ကြည့်ရင်း မိန့်ကြား၏။

'အင်း... ဥပါသိကာမ ကံကောင်းတာပဲ၊ သည်ကလေးဟာ ဘုန်းရှင်ကံရှင်ပဲ။ ဂရုတစိုက် စောင့်ရှောက် ကျွေးမွေး သုတ်သင်ဟဲ့'

ကလေးအမေသည် ကိုယ်ကျိုးကို မမျှော်၊ သာသနာတော် အကျိုးကိုသာ လိုလားသူ ဖြစ်သည်နှင့်အညီ ပွင့်လင်းပြတ်သားစွာ လျှောက်၏။

'တပည့်တော်မ ဒါတွေ မျှော်လင့်ပြီး သည်ကလေးကို မွေးစားတာ မဟုတ်ဘူး ဘုရာ့၊ အရှင်ဘုရားဆီ အပ်နှံပြီး ရဟန်းဘောင် သွတ်သွင်းမယ် ဆိုတဲ့ အာသီသနဲ့ မွေးတာပါ ဘုရား'

'ကောင်းပေ၏ ဥပါသိကာ'

'ဒါကြောင့် အခု တစ်ခါတည်းပဲ ခေါ်သွားတော်မူပါတော့ ဘုရား'

သို့ဖြင့် ဆရာတော်သည် မောင်ဆံလိပ်အား ရှင်ပြုပေးရန် ရည်ရွယ်ချက်ဖြင့် ကျောင်းသို့ ခေါ်လာခဲ့၏။

ကျောင်းသို့ ရောက်သောအခါ ကလေး၏ ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ် အဆောက်အအုံကို ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်၏။ ကုသိုလ်အကျိုးပေး ကြီးမားစွာဖြင့် ထိတ်ထိတ်ကြဲ သူဌေးကြီးဖြစ်လာမည့် ပုဂ္ဂိုလ်ထူးပါတကား။

အင်း... သူ့ဘုန်း သူ့ကံ သူ့ပါရမီအလျောက် ဖြစ်လာတာတွေကို ဝအောင်၊ အီအောင် ခံစားပြီး ဉာဏ်ရင့်တဲ့အခါကျမှ ရဟန်းပြုခိုင်းတာကောင်းပါတယ်လေ။

mgyoe.com

mgyoe.com


ဆရာတော်သည် မကြာမီ တက္ကသိုလ်ပြည်သို့ ကြွတော်မူရာ မောင်ဆံလိပ်လည်း ပါလာလေသည်။ ဆရာတော်သည် ဒါယကာရင်း သူကြွယ်တစ်ယောက်၏ အိမ်သို့ တန်းတန်းမတ်မတ် ရောက်လာသည်။

သူကြွယ်မှာ ဆရာတော်ကို ဖူးမြင်ရသဖြင့် ဝမ်းသာ၏။ သို့သော် မောင်ဆံလိပ်အား မြင်သဖြင့် ဖြစ်ပေါ်လာသော ချစ်ခြင်းက ဝမ်းသာမှုကို လွှမ်း၏။ ဆရာတော်လည်း မောင်ဆံလိပ်အား သူကြွယ်ထံ အပ်နှံထားခဲ့လေ၏။

သူကြွယ်သည် မောင်ဆံလိပ်အား မြင်လျှင်မြင်ချင်း ချစ်ခင်သနား၏။ ဆရာတော်က အပ်နှံပြန်သောအခါ ပိုမို ဂရုစိုက် စောင့်ရှောက်သည်။ လူမှုရေးရာ၌ လိမ္မာပွန်းတီးအောင် သင်ကြားသည်။ အတတ်ပညာလည်း သင်ကြားပေးသည်။

ဤသို့ဖြင့် ဆယ့်နှစ်နှစ် ကြာမြင့်ခဲ့၏။

မောင်ဆံလိပ်လည်း လူပျိုပေါက်ကလေး ဖြစ်လာပြီ။

တစ်နေ့တွင် သူကြွယ်လင်မယားမှာ ခရီးထွက်ရန်အကြောင်း ပေါ်လာ၏။ အိမ်နှင့် ဆိုင်ကို ပိတ်မထားခဲ့ချင်သဖြင့် မောင်ဆံလိပ်အား ပြသ အပ်နှံရ၏။

'သားရေ...၊ အဖေတို့ မရှိတုန်းမှာ သားပဲ ကြည့်ရောင်းပေတော့။ ဟိုဘက်ထောင့်က သံထွန်သွားတွေက ဆယ့်နှစ်နှစ်တောင် ကြာပြီ။ တစ်ချောင်းကို နှစ်သပြာမရလည်း ရှိပေစေ၊ အရင်း တစ်သပြာရရင် ရောင်းသာ ရောင်း၊ သည်ဘက်က ခြူကုံးတွေလည်း ဆယ့်တစ်နှစ်လောက် ကြာနေပြီ၊ သုံးသပြာရရင် ကောင်းတာပေါ့ကွယ်၊ မရလည်း နှစ်သပြာနှင့် ဆစ်သူပေါ်ရင် ရောင်းသာ ရောင်း၊ အရင်းပဲ'

'ဆေးပုတ်တွေလည်း ကြာပြီ မဟုတ်လား ဖခင်'

'သုံးနှစ်ဆိုတာ ကြာတယ် မခေါ်ပါဘူးကွယ်၊ လက်လီ တစ်ပိဿာ

mgyoe.com

mgyoe.com


ကို ပဲဝက်၊ ပုတ်လုံးဆိုရင် ဆယ်သပြာ မလျှော့နှင့်။ အေး... ဖက်ထုပ်တွေကျတော့ တစ်မျိုးကွဲ့။ အရင်း တစ်မူးအောက် မလျှော့ရင် ရောင်းလိုက်'

သူကြွယ်က စုံစေ့အောင် မှာကြား၏။ မောင်ဆံလိပ်ကလည်း နေ့စဉ် လုပ်ကိုင် ချိန်တွယ် ရောင်းဝယ်နေရသဖြင့် အရောင်းထိုင်း နှစ်ကြာ ပစ္စည်းများကိုသာ မေးမြန်း မှတ်သားသည်။

သူကြွယ်လင်မယား အိမ်မှ ထွက်သွားသောအခါ မောင်ဆံလိပ်နှင့် ကျေးကျွန်များသာ ကျန်ရစ်ခဲ့သည်။ ထိုအချိန်မှ စတင်ပြီး ကျေးကျွန်များမှာ ကုန်ပစ္စည်းများကို မအားတမ်း မနားတမ်း သယ်ပိုး ထမ်းထုတ်ရ၏။ လက်မလည်အောင် ချိန်တွယ် ထုပ်ပိုးကြရ၏။

'ဘယ်လိုနေ့ပါလိမ့်၊ သေရချေရဲ့ဗျာရို့'

ပစ္စည်းတွေ ရောင်းရသည်။ အရောင်းထိုင်း ပစ္စည်းတွေက ပိုပြီး သွက်သည်။ ကျေးကျွန်တွေ ဝမ်းသာသော်လည်း လက်ချချိန် မရှိ၊ ထိုင်ခွင့်မရသောအခါ ဈေးရောင်း ကောင်းသည်ကိုပင် ညည်းတွားကြတော့သည်။

မှန်ပေသည်။

သည်ဆိုင်တွင် ဈေးဝယ်တွေ အုံခဲလာရခြင်း၊ လက်မလည်အောင် ရောင်းချရခြင်းမှာ သွေးရိုးသားရိုး မဟုတ်ပေ။ မောင်ဆံလိပ် ကံထလာ၍ ဖြစ်သည်။

မြို့စောင့်နတ်၊ ရွာစောင့်နတ်များသည် မက်မောဖွယ် ပစ္စည်းများကို ထမ်းပိုးလျက် ဖြတ်သန်းသွားကြ၏။ ဘယ်က ဝယ်လာသတုံး မေးလျှင် မောင်ဆံလိပ်၏ ဆိုင်ကို ညွှန်ပြကြ၏။ တစ်စုံတစ်ရာ ဝယ်ယူရန် အကြံဖြင့် လာသူကိုလည်း ဝင်ရောက် ပူးကပ်၏။ မောင်ဆံလိပ်ထံသို့ ပို့ပေး၏။

လေးငါးရက်အကြာတွင် သူကြွယ် လင်မယားသည် ညဥ့်အိပ် ညဥ့်နေ ခရီးသွားရာမှ ပြန်ရောက်လာ၏။ သူကြွယ်သည် လှည်းပေါ်မှ ဆင်းလျှင်ဆင်းချင်း သူ့ကုန်ပစ္စည်းတွေကို အဆောတလျင် ကြည့်၏။

mgyoe.com

mgyoe.com


ပြောင်တလင်းခါနေသော အိမ်ကြီး။

'ဟော့... လူကလေး မောင်ဆံလိပ်၊ မောင်ဆံလိပ်'

သူကြွယ် အထိတ်တလန့် ကုန်းအော်သော်လည်း မောင်ဆံလိပ်မှာ သူ့ဘေးတွင် ရှိနေသည်။

'အဖ သားရှိပါတယ် ခင်ဗျာ့'

'ဆေးပိုတွေ၊ ပဲအိတ်၊ ပြောင်းအိတ်၊ ထမ်းပိုးတုံး၊ တောင်းပလုံး၊ အထည်အလိပ်တွေ ဘယ်ရောက်ကုန်တုံး၊ ငါ့သား ဘာလုပ်ပစ်တုံး'

လူလိမ်ခံရပြီလော၊ သူခိုး အခိုးခံရပြီလောဟု တွေးမိတွေးရာ ထင်မိရာ ထင်သဖြင့် သူကြွယ်မှာ အသက်မရှူဘဲ မေးမိ၏။

'အဖ မှာခဲ့တဲ့ ဈေးရလို့ ရောင်းပစ်ပါတယ် အဖ ခင်ဗျား'

'သံထွန်သွားတွေလေ'

'မှန်ပါတယ် အဖေ ခင်ဗျာ့'

'လူလေးရာ...၊ ဟုတ်မှ လုပ်ပါကွာ။ ဆယ့်နှစ်နှစ်လုံးလုံး တပုံ့ပုံ့ ဖြစ်နေတဲ့ အထိုင်းအမှိုင်း အဟောင်းအမြင်းတွေပါ မကျန်တော့ဘူး ဆိုတော့'

'အဖေ ညောင်စောင်းပေါ် ကြွပါ ခင်ဗျာ့'

မောင်ဆံလိပ်သည် သူကြွယ်အား အိမ်အောက်သို့ ခေါ်လာသည်။ တံတင်းကို ဖွင့်ကာ အသပြာများနှင့် အရောင်းစာရင်းကို အပ်နှံသည်။

'စုစုပေါင်း သုံးသိန်း ခြောက်သောင်းနှင့် နှစ်ရာ့ ငါးသပြာ တစ်ပဲ နှင့် နှစ်ရွေးပါ အဖ ခင်ဗျာ့'

သူကြွယ်သည် အသပြာများကို မရေတွက်တော့ပါ။ ဟာလာ ဟင်းလင်း ဖြစ်နေသော အဖိများ တစ်လှည့်၊ သား မျက်နှာ တစ်လှည့် သာ ကြည့်နေမိလေတော့၏။

mgyoe.com

mgyoe.com


ရွှေတောင်ကြီးသခင် သူဌေး

မောင်ဆံလိပ်၏ မွေးစားဖအေ သူကြွယ်မင်းမှာ ဒူးတနှန့်နှန့်နှင့် ပျော်ရွှင်မဆုံး ဖြစ်နေတော့သည်။

'ရှင်မရေ...၊ ငါတို့သား မောင်ဆံလိပ်ဟာ လက်စသတ်တော့ ဘုန်းရှင်ကံရှင် ယောကျ်ားပါကလားကွယ်'

'တိုးတိုးပြောပါရှင်။ တခြား သူကြွယ်တွေ၊ သူဌေးတွေ ကြားလို့ သူတို့သမီးတွေ၊ တူမတွေနဲ့ လာပြီး မြှူမှဖြင့် ကျွန်မတို့ သားကလေး သူများနောက် ပါသွားပါဦးမယ်၊ သူကြွယ်မင်းရယ်'

'သလိုဆိုလည်း မယ်မင့် အမျိုးထဲကဖြစ်ဖြစ်၊ ငါ့အမျိုးထဲက ဖြစ်ဖြစ် သင့်လျော်မယ့် သတို့သမီးရှာပြီး ထိမ်းမြားဖို့ စီစဉ်ပေတော့။ ငါ့သားကိုတော့ သူများအိမ်ကို အပေါ မခံနိုင်ဘူး'

သို့ဖြင့် သူကြွယ်လင်မယားသည် မောင်ဆံလိပ်အတွက် သင့်လျော်မည့် သမီးကညာကို ရှာဖွေကာ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းပေးသည်။ ထိုသားနှင့် ချွေးမတို့ တသီးတသန့် နေစရာ အိမ်ကြီး အိမ်ကောင်း တစ်လုံးကိုလည်း မြေကွက်လွတ် တစ်ခု၌ ဆောက်လုပ်ပေးပြန်သည်။

မောင်ဆံလိပ်တို့ လင်မယား အိမ်သစ်တက် မင်္ဂလာ ကျင်းပကြသည်။

အန္တရာယ် ကင်းရှင်းစေရန် ဂါထာမန္တာန်များ ရွတ်သည်။ ဆန်ပန်း ပေါက်ပေါက်များ ကြဲသည်။ အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

'မင်္ဂလာအချိန် ကျရောက်ပြီ၊ အိမ်ရှင် ယောကျ်ားက ရှေ့က ဇနီးက နောက်ကလိုက်ပြီး အိမ်ပေါ် တက်ကြပေတော့'

အခါပေး ပညာရှိက အော်ပြောသည်။ ခရုသင်း မှုတ်သည်။

မောင်ဆံလိပ်သည် မယားကို လက်ဆွဲလျက် လှေကားပေါ်သို့ တက်သည်။ တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်။

တော်လည်းသံကြီး ပေါ်လာသည်။ မြေပေါ်တွင် ရပ်နေသူများ

mgyoe.com

mgyoe.com


လဲပြိုကုန်သည်။ မြေကြီးထဲမှ ဝင်းလက် တောက်ပြောင်သော ရွှေတောင်ကြီး ထွက်လာသည်။ လူတွေ အထိတ်တလန့် အော်ဟစ်သည်။

ရွှေတောင်ကြီးသည် အိမ်ခါးပန်းအထိ မြင့်လာသည်။ မရပ်သေး။ အိမ်တံစက်မြိတ်နှင့် ညီလာပြီ။ ဆက်လက် ရှည်ထွက်ဆဲ ရှိသေး၏။

လူတို့၏ ထိတ်လန့်သံနေရာတွင် အံ့သြဝမ်းသာသံများ ပေါ်လာသည်။

'မောင်ဆံလိပ်ရဲ့ အိမ်တံခါးဝမှာ ရွှေတောင်ကြီး ပေါက်လို့တဲ့ဟေ့'

တစ်မြို့လုံး အုတ်အော်သောင်းတင်းသံများ ညံစာနေလေ၏။ ရွှေတောင်ကြီးကား အတောင် ခြောက်ဆယ် အမြင့်သို့ရောက်မှ အတက် ရပ်လေတော့၏။

လူများ အပြေးအလွှား ရောက်လာကြ၏။ ရင်သပ်ရှုမော အံ့သြမဆုံး ရှိကြ၏။ မျက်မြင်သမားတို့လည်း ပြောမဆုံး ဖြစ်နေကြလေ၏။ ရွှေမြို့တော်အတွင်းနေ လူသူ ပရိသတ်များ မောင်ဆံလိပ်၏ အိမ်ရှေ့တွင် ခဲသိပ်နေ၏။

ထိုလူအုပ်ကြီး လူစုမကွဲမီ 'ရှောင်ကြ ရှားကြ' အော်ဟစ်သံ၊ ကြိမ်ဝင့်သံ တည်ညံဖြင့် မင်းစီးဆင် တစ်စီး ရောက်လာ၏။

'အမိန့်တော် ပါတယ်၊ ငဆံလိပ်'

တုတ်ကိုင်၊ ဓားကိုင်၊ ကြိုးကိုင် အာဏာသားများ မပါပါ။ မပါသော်လည်း လူတွေ ထိတ်လန့်တကြား ဖြစ်ကြရသည်။ မည်သို့ဆိုစေ မောင်ဆံလိပ် လင်မယားကား အိမ်သစ်ပေါ်မှ ပြေးဆင်းလာ၏။ ဒူးတုပ် လက်ယှက်ပြီး အမိန့်တော်ကို နာခံကြရသည်။

'ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ၊ ကျောက်သံ ပတ္တမြားတွင်းတို့၏ ပိုင်ရှင် ဆဒ္ဒန်ဆင်မင်းသခင် ရေမြေ့ရှင် မင်းတရားကြီး အမိန့်တော် ရှိလိုက်သည်။ ရှေးဘုန်း ရှေးကံ ကြီးမားသောကြောင့် မြေမှ ရွှေတောင် ပေါက်ရသော ငဆံလိပ်အား ထီးဖြူဆောင်းသော သူဌေးကြီး အရာ ပေးသနားတော်မူလိုက်သည်'

mgyoe.com

mgyoe.com


အမိန့်တော်သံ အဆုံးတွင် မင်းချင်း တစ်ယောက်သည် မောင်ဆံလိပ် လက်ထဲသို့ ထီးဖြူ အပ်နှင်း၏။ ပရိသတ်မှာ ဟယ်ခနဲ အော်အပြီး၌ ဝမ်းသာပျော်ရွှင်စွာ ကခုန်ကြလေ၏။

မောင်ဆံလိပ် လင်မယားမှာလည်း ဘာမှန်းမသိဘဲ ထိတ်လန့်စွာ အမိန့်နာခံခဲ့ရာက ယခုမှပင် ပြုံးဝံ့ကြလေတော့၏။

မောင်ဆံလိပ် လင်မယားသည် ခင်ပွန်းကြီး ဆယ်ပါးအား ဦးထိပ်ထားလျက် ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ခဲ့ကြသည်။

သူဌေးမယားမှ သားယောက်ျားချည်း မွေးသည်။ သားသုံးယောက်ရချိန်ဝယ် မောင်ဆံလိပ်သည် ကာမဂုဏ်အာရုံများကို ငြီးငွေ့စပြုပြီ။

ရွှေတောင်ကြီးမှာလည်း မည်မျှ ဖုံရွှဲ့ ရောင်းချကာ လှူဒါန်း သုံးစွဲသော်လည်း ပြည့်မြဲ ပြန်လည် ပြည့်၏။ သို့ပါလျက်နှင့် မောင်ဆံလိပ်သည် သင်္ခါရတရားကို မြင်၏။ ဖန်ဝါနီမြန်း မြတ်ရဟန်း၏ သင်္ကန်းကိုသာ မြင့်မြတ်သော အဝတ်၊ မွေးကြိုင်သော အဆင်တန်ဆာဟု တိုး၍ တိုး၍ မြင်လာ၏။

သို့ရာတွင် သူဌေးကြီး ဦးဆံလိပ်မှာ မိမိကိုယ်ကို မိမိ မပိုင်ပါ။ သူဌေးသည် တိုင်းပြည် တစ်ပြည်၏ ကျက်သရေဆောင် ဖြစ်သည်။ သို့ကြောင့်လည်း နီတိဆရာတို့က မနေအပ်သော အရပ်များ၌ သူဌေး မရှိသော အရပ်ကိုလည်း တစ်ပါးအဖြစ် ထည့်သွင်းထားခဲ့ကြခြင်း ဖြစ်၏။

သို့သော် ဦးဆံလိပ်သည် ဘုန်းကြီးဝတ် (ရဟန်းပြု) လို စိတ်ကို မစွန့်လွှတ်ပါ။ အကြံအောင်ရေးအတွက် အခြားနည်းဖြင့် လှည့်တွေးသည်။

လောကမှာ ငါ့လို သူဌေးတွေ ရှိချင် ရှိနေမှာပါ၊ ငါ မသိလို့ ဖြစ်မယ်။ သည်တော့ ငါ့တပည့်တွေကို လည်ပြီး အစုံစမ်းခိုင်းမယ်။ ငါလို သူဌေး၊ ငါ့ထက် ကြီးကျယ်တဲ့သူဌေး ရှိတယ်ဆိုရင် ငါ လွတ်လွတ်ကျွတ်ကျွတ် ရဟန်းပြုမယ်။ အင်း... ငါနှင့် တန်းတူရည်တူ သူဌေး တောင်မှ မရှိဘူး ဆိုရင်တော့ ...။

mgyoe.com

mgyoe.com


သို့ကြောင့် အပြောအဆို လိမ္မာယဉ်ကျေးသော တပည့် လူယုံများကို လွှတ်လိုက်တော့သည်။ ထိုသူများမှာလည်း မင်းပေးဘွဲ့ရသော သူဌေးကြီး၏ အစေအပါးများ ဖြစ်ကြောင်း ထင်ရှားစေရန် ရွှေခြေနင်းနှင့် ရွှေသန်လျက်၊ ရွှေအုပ်၊ ရွှေလှံတံများ စွဲကိုင်ထားကြ၏။

'အမောင်တို့၊ သည်ပစ္စည်းတွေကို ရောင်းချဟန်ပြုပြီး လှည့်လည်စုံစမ်းကြ၊ ငါနှင့်တူတဲ့ စည်းစိမ်ရှိသူကို တွေ့ရင် အမြန်ဆုံး ပြန်လာပြီး ငါ့ကို ပြောလှည့်ကြ'

**ဆင်လောက်ကြီးသည့် ရွှေဆိတ်ရုပ်တွေ**

လူယုံ အချင်းများသည် သူဌေးကြီး ဦးဆံလိပ် မှာလိုက်သည့်အတိုင်း မြို့ရွာအနှံ့ လှည့်လည်ကြ၏။ ဦးဆံလိပ်နှင့် စည်းစိမ်ချမ်းသာ တူမျှသူကို မတွေ့ကြရ။ သို့နှင့် ဘဒ္ဒိယမြို့သို့ ရောက်လာကြသည်။

'အမောင်တို့... ပစ္စည်းတွေကို မေဏ္ဍက သူဌေး ဝယ်ပါလိမ့်မယ်၊ အဲသည်ကိုသာ သွားကြပါ'

လူအချို့က အမည်ထုတ်၍ ညွှန်းကြ၏။

ဦးဆံလိပ်၏ အချင်းများသည် ရွှေအုပ်နှင့် ရွှေလှံတံ၊ ရွှေသန်လျက်၊ ရွှေခြေနင်းတို့ကို ဆောင်လျက် မေဏ္ဍက သူဌေး၏ တိုက်သို့ လာကြ၏။

ကြီးမား ကျယ်ဝန်းသော တံတိုင်းအတွင်း၌ တည်ရှိသော တိုက်ကြီးသည် ဦးဆံလိပ်၏ တိုက်နှင့် နင်လား ငါလား ခမ်းနား၏။

သူဌေး၏ လူများသည် တစ်ရပ်သားများဟု မြင်ကာမျှဖြင့် သိ၏။ ဆောင်လာသော ရွှေပစ္စည်းများကို မြင်သောအခါ တို့သူဌေးနှင့်သာ သက်ဆိုင်သည်ဟု နားလည်ကြ၏။ သူတို့သည် ဦးဆံလိပ်၏ လူများအား သူဌေးထံသို့ ပို့ပေးကြ၏။

mgyoe.com

mgyoe.com


မေဏ္ဍာကသူဌေးလည်း သူ့အခြံအရံများ သိသည့် နည်းတူ သိ၏။ သိသော်လည်း ရွှေလုံတံ၊ ရွှေအုပ်တွေက ဘာလုပ်ဖို့တုံးဟု မမေးပေ။ သူ လိုရာသို့ ရောက်အောင်သာ ပြော၏။

'ငါ့သားတို့...၊ ငါ့အိမ်မှာ ကြည့်စရာ ရှုစရာ ရှိတယ် ထင်ပြီး ဝင်လာကြဟန် တူပါရဲ့။ ဟောကွယ်...၊ အိမ်နောက်ဖေးဘက်သာ ဝင်သွားပြီး ကြည့်ကြပေတော့'

ဦးဆံလိပ်၏ လူများသည် တိုက်နောက်ဖေးသို့ သိလို၊ မြင်လိုစိတ် ထက်သန်စွာဖြင့် ဝင်လာကြသည်။ သူတို့ မြင်ရသော မြင်ကွင်းကား အလိုလေး အမယ်လေး အကျိုးနည်း တရအောင် ဆန်းကြယ် ခမ်းနား ၏။ ထိုအရာကား ဧကတစ်ရာမျှ ကျယ်သော မြေပြင်အပြည့် တည်ရှိနေသော ရွှေဆိတ်ရုပ်များပေတည်း။ ရွှေဆိတ်ရုပ်များသည် မည်ကာမတ္တ မဟုတ်ချေ။ အချို့သည် ဆင်လောက် ကြီးမား၏။ အချို့လည်း မြင်းထီးကြီး တမျှ ကြီးမားသည်။

ထိုအရုပ်များသည် တစ်ရုပ်နှင့်တစ်ရုပ် နံချင်းစပ် ဘေးချင်း ကပ်လျက် အပြည့်အသိပ် ရပ်တည်နေကြသည်။

ရွှေဆိတ်ရုပ်များမှာ အညှိတက်နေပြီ။ နေရောင်တွင် တပြောင်ပြောင် တလက်လက် တောက်ပနေသော အရုပ်မှာ တစ်ရုပ်တလေသာ ရှိသည်။ ဦးဆံလိပ်၏ လူများသည် ကိုင်တွယ် ပွတ်သပ် အံ့သြချီးမွမ်း မဆုံးနိုင်အောင် ရှိကြ၏။

သူတို့သည် နှံ့စပ်အောင် လှည့်ပတ်ကြည့်ရှုပြီးနောက် သူဌေးထံမှောက်သို့ တစ်ဖန် ရောက်သွားကြပြန်၏။

'သားတို့ ကြည့်ချင်တာ ရှုချင်တာများ ရှိရဲ့လား၊ တွေ့ခဲ့ကြရဲ့လား'

'တွေ့ခဲ့ပါတယ် အရှင် သူဌေးမင်း၊ ကြီးမားတဲ့ ရွှေဆိတ်ရုပ်တွေ မြေပြင်ဖုံးပြီး မျှော်မဆုံးအောင် ရှိတဲ့အတွက် အံ့သြမဆုံးရပါ'

mgyoe.com

mgyoe.com


'အေး အေး...၊ အမောင် အပန်းပြေအောင် သင့်တင့်ရာနေရာမှာ နားနေကြဦး၊ စားသောက် သွားကြဦးကွယ်၊ ငါ့သားတို့ ပြန်တဲ့အခါမှာလည်း ရွှေဆိတ်ရုပ်တွေကို နိုင်သလောက် ထမ်းပြီး ယူသွားကြကွဲ.'

သူဌေးသည် ဦးဆံလိပ်၏ လူများအား ညှော့်ကြိုးညှော့်ခံများထံ အပ်နှံလိုက်လေ၏။ ဦးဆံလိပ်၏ လူများလည်း မိမိတို့ အရပ်သို့ လျင်မြန်စွာ ပြန်လာကြကာ မေဏ္ဍက သူဌေး၏ အံ့ချီးလောက်သော စည်းစိမ်အကြောင်းကို ဦးဆံလိပ်အား ပြောပြကြလေ၏။

ဦးဆံလိပ်မှာ မနာလို ဝန်တိုစိတ် မဖြစ်ပေါ်ချေ။ ပါရမီ ရင့်သန်ပြီးသူဖြစ်သဖြင့် ဝမ်းမြောက်၏။ ကြည်နူး၏။ ပီတိ ဖြစ်၏။

သူ့အတွက် ရဟန်းပြုရန် လမ်းပွင့်သွားပြီ။

ငါနှင့် မနီးယိုးစွဲ ချမ်းသာတဲ့လူပဲ ရှိသလား၊ ငါ့ထက် ကြီးကျယ်တဲ့ စည်းစိမ် ချမ်းသာရှင်ရော မရှိနိုင်ဘူးလား။

ထိုအတွေး ဝင်လာပြန်သည်။

ရက်အနည်းငယ်အကြာတွင် အထက်ပါ လူယုံများကိုပင် ခေါ်သည်။ ကမ္ဗလာ (အထည်) လိပ် တစ်လိပ်ကို ခေါင်းဆောင်သို့ အပ်နှံ၏။

'အဖိုး တစ်သိန်း ထိုက်တန်တဲ့ ဟောသည် ကမ္ဗလာကို လည်ပြီး ရောင်းချေဦး အမောင်တို့၊ ငါ့လို စည်းစိမ်ချမ်းသာရှိသူရဲ့ အိမ်နားကို အရောက်မှာ ဝယ်နိုင်သူ မတွေ့လို့ မီးရှို့ပစ်ပြီး ပြန်တော့မယ့်ဟန်မျိုး လုပ်ပြီး စုံစမ်းချေကြ'

ဦးဆံလိပ်သည် လူယုံများအား ရိက္ခာ လူသူ အပြည့်အစုံ ပေးကာ ထပ်မံ စေလွှတ်လိုက်ပြန်လေ၏။

## ကျေးကျွန်ပိုသော အဝတ်ကြမ်း

ဦးဆံလိပ်၏ လူများသည် တစ်သိန်းတန် ကမ္ဗလာကြီးကို ထမ်းလျက် အမြို့မြို့အရွာရွာသို့ လှည့်လည် ရောင်းချကြပြန်သည်။ ဝယ်နိုင်သူ

mgyoe.com

mgyoe.com




ဝယ်လိုသောသူ မတွေ့သဖြင့် တရွေ့ရွေ့လာကြရာ ဗိမ္ဗိသာရမင်း စိုးစံသည့် ရာဇဂြိုဟ်မြို့သို့ ရောက်လာကြသည်။

'ဟောသည် အထည်ကို တစ်သိန်းပဲ ပေးကြပါ'

'အမောင်တို့...၊ ငါတို့ကား မဝယ်နိုင်၊ ဇောတိက သူဌေးဆီသာ သွားရောင်းကြ'

ဦးဆံလိပ်၏ လူများသည် ဇောတိကသူဌေး၏ ဗိမာန်ကို စုံစမ်းလျက် လာခဲ့ကြသည်။ ဇောတိကသူဌေး၏ ဗိမာန်ကား အိမ်မဟုတ်၊ တိုက် မဟုတ်။ ပတ္တမြားပြာသာဒ် ဖြစ်သည်။ ခြံဖြင့်၊ စည်းရိုးဖြင့် မဟုတ်။

mgyoe.com

mgyoe.com


တံတိုင်းကြီး ကာရံထားသည်။ တံတိုင်းမုခ်တွင် ရပ်နေကြသော အစောင့်မှူ လူသား မဟုတ်၊ ဘီလူး ဖြစ်သည်။

တစ်သိန်းတန် အထည် ရောင်းလိုသူများသည် တံတိုင်းအတွင်းသို့ မဝင်ရဲကြချေ။ မေးမြန်းစရာ လူများလည်း အဝင်အထွက် မရှိ။ သို့အတွက် တံတိုင်းအနီးတွင် သစ်ရွက်ခြောက်တွေ၊ သစ်ကိုင်းတွေကို စုပုံ မီးရှို့တော့သည်။

မီးခိုးတွေ ပတ္တမြား ပြာသာဒ်ဘက်သို့ လုံးလျက် ခဲလျက် လွင့်သည်။ မကြာမီ လူတစ်ယောက် ပြေးလွှား ရောက်ရှိလာသည်။

'အဆွေတို့...၊ သူဌေးမင်းရဲ့ ဗိမာန်နားမှာ မီးပုံရှို့နေတာ ဘာလုပ်ကြမလို့တုံး ဆိုတာ သိပါရစေ'

'အကျွန်တို့က တက္ကသိုလ်ပြည်ကပါဗျာ။ ယောသည် တစ်သိန်းတန် ကမ္ဗလာကို လည်ရောင်းတာ ဝယ်သူ မရှိဘူး၊ ဝယ်သူမရှိလို့ ပြန်မယ် စိတ်ကူးတော့ ပြန်ပြီး သယ်သွားဖို့ တာဝန်ကြီးတဲ့အတွက် မီးရှို့ပစ်မယ် စိတ်ကူးနှင့် မီးဖိုတာပါ'

'ခဏ ဆိုင်းကြပါဦးနော်၊ မကြာစေရပါဘူး'

အမေးရှင်သည် လျင်မြန်စွာ ပြေးသွား၏။ မကြာမီပင် အပြေးအလွှား ပြန်လည် ရောက်ရှိလာသည်။

'အဆွေတို့ ဝမ်းသာကြပေတော့'

ထိုသူက ဝမ်းသာရွှင်လန်းစွာ ပြောသောအခါ ဦးဆံလိပ်၏ တပည့်တစ်ယောက်က အကြောင်းကို မေးသည်။

'ဘာပြုလို့ ဝမ်းသာရမှာပါလိမ့်ဗျာ'

'အကျွန်တို့ သူဌေးမင်းက အမိန့် ရှိတယ်။ ငါကဲ့သို့သော စည်းစိမ်ချမ်းသာရှင် တစ်ယောက်လုံး ရှိပါလျက်နှင့် အဖိုး တစ်သိန်းထိုက်တဲ့ ကမ္ဗလာလေးလောက်မှ ဝယ်နိုင်သူ မရှိဘူးဆိုရင် လူကြားလို့ မကောင်းဘူးတဲ့။ ဒါကြောင့် ဝယ်မယ်တဲ့။

mgyoe.com

mgyoe.com


ဦးဆံလိပ်၏ လူယုံများသည် ကမ္ဗလာပိုက်လျက် ဈေးတိက သူဌေး ရှေ့သို့ ရောက်သွားကြလေ၏။ သူဌေးသည် ဘဏ္ဍာစိုးအား ခေါ်ပြီး အသပြာတစ်သိန်းပေးလိုက်ရန် အမိန့်ပေးသည်။ တံမြက်စည်း လှည်းနေသော မိန်းမတစ်ယောက်အား တစ်ဆက်တည်း လှမ်းခေါ်ပြီး ကမ္ဗလာကို ပေးသည်။

တံမြက်စည်းလှည်းနေသော မိန်းမသည် တက္ကသိုလ်သားတို့၏ အဖိုး တစ်သိန်းတန် ကမ္ဗလာကို ပစ်ချပြီး ရှိုက်ကြီးတငင် ငိုလေသည်။

'ဟဲ့ ဘာဖြစ်ရတာတုံး၊ လူစိမ်း လူရှမ်းတွေ ရှေ့မှာ'

သူဌေးက နားမလည်သဖြင့် မေး၏။

'အရှင်သူဌေးမင်း ဘုရား၊ ကျွန်တော်မျိုးမဟာ အရှင် သူဌေးမင်း မကြိုက်တာ ဘာများ လုပ်မိလို့ ဒါကြီး ပေးရတာလဲ ဘုရာ့'

ဦးဆံလိပ်၏ လူများမှာ အံ့သြတုန်လှုပ်စွာဖြင့် ပါးစပ် ဟနေကြ ရလေ၏။ တံမြက်သိမ်း အစေမက ဆက်လက် ငိုကြွေး၏။

'အရှင် သူဌေးမင်း၊ ကျွန်တော်မျိုးမ လုပ်တာ၊ ကိုင်တာ၊ ပြောတာ၊ ဆိုတာ နေပုံ ထိုင်ပုံကို သဘောမကျရင် တုတ်နှင့် ရိုက်တော်မူပါ၊ ခြေနှင့် ကျောက်တော်မူပါ၊ ဒါလောက် ကြမ်းထော်တာကြီးကို မဝတ်ပါရစေနှင့် ဘုရား'

'ဟဲ့… ဟဲ့၊ သည်ကမ္ဗလာကို ဝတ်ဖို့ ပေးတာ မဟုတ်၊ အစေခံများ ရဲ့ အိမ်အတက်မှာ ခြေသုတ်ဖို့ အခင်းခိုင်းတာဟဲ့'

ထိုအခါတွင်မှ အစေမ အငိုတိတ်သည်။

'ခြေသုတ်ဖို့ ဆိုရင်တော့ ဖြစ်နိုင်ပါတယ် အရှင်' ဆိုကာ ဆွဲယူ သွားလေ၏။

ဦးဆံလိပ်၏ ကျွန်ယုံများလည်း ရင်တီးလက်ခတ် အံ့သြတကြီး ဖြင့် ကမ္ဗလာဖိုး တစ်သိန်းကို ယူပြီး အလျင်အမြန် ပြန်ခဲ့ကြလေ၏။

mgyoe.com

mgyoe.com


**ထိုက်သူ မထိုက်သူ ရွေးပွဲ**

ဦးဆံလိပ်သည် မိမိ စေလွှတ်လိုက်သော လူယုံများကိုသာ တမျှော်မျှော် တစောင့်စောင့် ဖြစ်နေ၏။ သူ့တွင် မယားနှင့် သား၊ ရွှေတောင်ကြီးတို့ကို တွယ်တာစိတ် မရှိ။ သူပိုင်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကုလားအုတ်၊ ကြက်၊ ဝက်များအတွက်လည်း မကြောင့်ကြ။ ကိုင်းကျွန်းလယ်ယာ၊ ရွှေငွေ၊ အိုးအိမ်ကိုလည်း မမက်မောတော့ပါ။ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်သာ ရှိသော ရဟန်းဘဝကိုသာ သွားရည်တမြားမြား တောင့်တနေလေ၏။

သူ တမျှော်မျှော် လည်တဆန့်ဆန့် ရှိနေဆဲဝယ် သူ့ကျွန်ယုံတွေ ရောက်လာကြ၏။ ဖုန်အလိမ်းလိမ်း၊ ချွေးအရွှဲရွှဲဖြင့် ဝင်ရောက် ခစားကြသည်။

'နောက်ထပ် သူဌေးများ တွေ့ခဲ့သေးလား မောင်တို့'

'တွေ့ခဲ့ပါတယ် အရှင်၊ ဗိမ္ဗိသာရမင်းကြီး စိုးစံတော်မူတဲ့ ရာဇဂြိုဟ်ရွှေမြို့တော်က ဇောတိက သူဌေးကြီးဟာ အံ့ချီးမကုန်အောင် စည်းစိမ်ကြွယ်ဝပါတယ်'

'သာဓုကွယ်၊ သာဓု သာဓု'

'အရှင် သူဌေးမင်းရဲ့ စည်းစိမ်ချမ်းသာဟာ အဲသည် သူဌေးကြီးရဲ့ စည်းစိမ်နှင့် ယှဉ်လိုက်တော့ ပါမွှားဖြစ်သွားပြီ အရှင်၊ ရှင်ဘုရင်တောင် မနေနိုင်တဲ့ ပတ္တမြား ပြာသာဒ်နှင့် နေတာပါ'

ဦးဆံလိပ် သာဓုခေါ်၍ ဆုံးရုံသာ ရှိသေးသည်။ တစ်ယောက်က သူ မြင်ခဲ့သမျှကို ဝင်ပြော၏။ ထိုအခါ နောက်တစ်ယောက်ကလည်း သူ ကြားခဲ့သမျှကို အားကျမခံ ဝင်ပြောပြန်၏။

'အဲသည် ပြာသာဒ်ဟာ ဆောက်တာ မဟုတ်ဘူး၊ မြေကြီးထဲက ပေါ်လာတာတဲ့၊ ပြီးတော့ သူ့မယားကလည်း အလွန် နုနယ်တယ်တဲ့၊ နုနယ်မှာပေါ့။ ဇမ္ဗူဒီပါ တောင်ကျွန်းသူမှ မဟုတ်ဘဲကလား။ နတ်တွေ ပို့ဆက်လာတဲ့ မြောက်ကျွန်းသူ ဆိုပဲ'

mgyoe.com

mgyoe.com


ဒါတွင် ဘယ်ကဦးမတုံး၊ အရှင် သူဌေးမင်းရယ်၊ ထမင်း ချက်တာကို ထင်းမီးနှင့် ချက်တာ မဟုတ်ဘူး။ မြ ခုံလှောက်နှင့် ချက်တာတဲ့။ အဲသည် ခုံလောက် (ဖိုခနောက်) က ထွက်တဲ့ အရောင်နှင့် ကျက်တာတဲ့၊ အဲသည် မြောက်ကျွန်းသူနဲ့အတူ ပါလာတာတဲ့'

ဦးဆံလိပ်သည် ခေါင်းတညိတ်ညိတ် တပြုံးပြုံးဖြင့် နားထောင်နေရာက 'ကဲ ကဲ ရေမိုး မချိုးခင် ငါ့လူတွေကို ချီးမြှောက်ရဦးမယ်' ဆိုကာ ဘဏ္ဍာစိုးအား လှမ်းခေါ်သည်။

'ဟောသည် လူတွေကို အသပြာ တစ်ထောင်စီ ပေးလိုက်၊ ပြီးရင် သားကြီးကို ခေါ်ခဲ့'

မကြာမီ ဦးဆံလိပ်၏ သားကြီး ရောက်လာသည်။ ဖအေ့ရှေ့တွင် ဒူးတုပ်လျက် ထိုင်ပြီး ရှိခိုးနေသည်။ ဦးဆံလိပ်သည် အခန်းထဲသို့ ဝင်သွားပြီး ပေါက်တူးတစ်လက်ကို ဆွဲထုတ်လာသည်။ သားကို ပေးသည်။

'အဲဟို ရွှေတောင်ကြီးကို အဲဒါနှင့် ပေါက်ချေ၊ ရသလောက် ယူခဲ့လူလေး'

သားကြီးသည် ရွှေရိုးတွင် ဝဇီရစိန်ကို အသွားအဖြစ် တပ်ထားသည့် ပေါက်တူးကို ယူသွားသည်။ အတန်ကြာလျှင် သားကြီး ပြန်ရောက်လာသည်။ ချွေးသံရွှဲလျက် ဟောဟဲ လိုက်နေသည်။ သူ့လက်ထဲတွင် လက်သည်းခွံအရွယ် ရွှေပွဲ့ကလေး တစ်ဖွဲ့တလေသော်မျှ ပါမလာ။

ဦးဆံလိပ်သည် ဝဇီရ စိန်ပေါက်တူးကို လှမ်းယူသည်။

'သား... လက်လျှော့ရင် ကိုလတ်ကို လွှတ်လိုက်စမ်းကွယ်'

ခဏအကြာတွင် သားလတ် ရောက်လာသဖြင့် ပေါက်တူးကို ပေးသည်။ ရွှေတောင်ကို အဖွဲ့ခိုင်းသည်။ သားလတ်လည်း ဖိုလှိုက်ဖိုလှိုက်ဖြင့် လက်ချည်း ပြန်လာသည်။

'ဟုတ်ပြီ၊ သား။ ကိုငယ်ကို လွှတ်လိုက်စမ်း'

မကြာမီ သားအငယ် ရောက်လာသည်။

mgyoe.com

mgyoe.com


'အဖေ ခေါ်တယ်ဆို ခင်ဗျာ့၊ ဘာများ ခိုင်းချင်လို့ပါလိမ့် အဖေ'

'အိမ်ရှေ့က ရွှေတောင်ကြီးကို နိုင်သလောက် သွားဖဲ့ယူခဲ့စမ်းပါကွယ်'

သားငယ်သည် ပေါက်တူး ယူကာ ပြေးထွက်သွားသည်။ တစ်ခဏ အကြာတွင် သားငယ် အပြေး ဝင်လာသည်။

'ခါတိုင်းလည်း အဖေ့ဘာသာ ပေါက်နေကျ၊ ဖဲ့နေကျဟာကို'

ပြောပြောဆိုဆို ရွှေတုံးကြီး တစ်တုံးကို ဖအေ့ရှေ့၌ ချ၏။

'အကြောင်းရှိလို့ပေါ့ သားရယ်၊ တစ်လက်စတည်း ကိုကြီးနှင့် ကိုလတ်ကို သွားခေါ်ခဲ့ကွယ်၊ မင်းလည်း ပြန်လိုက်လာခဲ့'

မကြာမီ သားသုံးယောက်သည် ဦးဆံလိပ်၏ ရှေ့၌ ဒူးတုပ် ထိုင်မိကြ၏။

'သားတို့ရေ...၊ အဖေ ရဟန်းဘောင်ဝင်မယ် စိတ်ကူးနေတာ ကြာပြီကွယ်တို့၊ သို့သော်လည်း မျက်နှာလွှဲ ခဲပစ် လုပ်သွားရင် ငါ့သား တွေ မညီမညွတ် ဖြစ်ကျန်ခဲ့ရင်လည်း အဖေ့ တာဝန် မကင်းပြန်ဘူး၊ အဲဒါကြောင့် အဖေ့ရဲ့ ကောင်းမှုကံ ပါရမီအရ ဖြစ်ပေါ်လာတဲ့ စည်းစိမ် ချမ်းသာဟာ ဘယ်သူနှင့် ထိုက်သတုံး၊ စုံစမ်းတဲ့အနေနှင့် ငါ့သားများကို ရွှေတောင်ကြီးကို အပေါက်ခိုင်းတာ'

သားကြီးနှင့် သားလတ်သည် အဖေ့ ခြေထောက်နားတွင် ချထား သော ရွှေတုံးကြီးကို ငေးကြည့်နေကြ၏။

'သားကြီး၊ သားလတ်တို့ ရွှေတောင်ကြီးကို ဖဲ့တုန်းက မရပေမဲ့ သားငယ် ဖဲ့တဲ့အခါ အလွယ်တကူ ပဲ့ပါတယ်။ အဲဒါကြောင့် အဖေ့ စည်းစိမ်ဟာ ကိုယ်နဲ့ပဲ ကံစပ်တဲ့၊ ထိုက်တန်တဲ့အတွက် ကိုယ်ကိုပဲ လွှဲခဲ့တယ်။ သားကြီးနှင့် သားလတ်တို့ဟာ ကိုယ် ပေးသမျှပဲ လက်ဝေခံ ယူကြပေတော့။ ဒါပဲ သားတို့၊ သွားကြတော့'

ဦးဆံလိပ်သည် လူတစ်ယောက်၏ ပြုအပ်သော တာဝန်များ ဝတ္တရားများကို ဆောင်ရွက်ပြီးနောက် မြတ်စွာဘုရားထံတော်သို့ သွားကာ

mgyoe.com

mgyoe.com


ရဟန်းပြုသည်။ ပါရမီ အဆောက်အအုံ ရင့်သန်ပြီးသူဖြစ်သည့်အား လျော်စွာ နှစ်ရက်၊ သုံးရက်အကြာတွင် အာသဝေါ ကုန်ခန်းသည့် ရဟန္တာအဖြစ်ကို ရရှိလေသည်။ မြတ်စွာဘုရား၏ သာသနာတော်ဝယ် ဇဋိလရဟန္တာ ဟူ၍ ထင်ရှားတော်မူပေသည်။

### လူ့နောက်သို့လိုက်သော အရိပ်

ဇဋိလ ရဟန္တာအဖြစ်ဖြင့် ဘဝ ချုပ်ငြိမ်းတော့မည့် နောက်ဆုံး ဘဝသို့ ရောက်နေသူ၊ ရင့်သန်သော ကောင်းမှုကုသိုလ် ပါရမီ ထုထည် ကြီး ရှိနေပါလျက် မည်သည့်အတွက် ရေမျှောခံရသနည်း။

သားသုံးယောက်တွင် အဘယ်ကြောင့် သား အငယ်ဆုံးသာလျှင် ဖအေအမွေကို ရထိုက်ရပါသနည်း။ ဘဝါဘဝက ပြုခဲ့ဖူးသည့် အမှုများ သည် လူ့နောက်တွင် အရိပ် ထက်ကြပ် လိုက်နေသကဲ့သို့ လိုက်ပါနေ သောကြောင့်ပင်တည်း။

အကြောင်းကား ဤသို့ ဖြစ်၏။

ကဿပ မြတ်စွာဘုရား ထင်ရှား ပွင့်တော်မူချိန် ဖြစ်၏။

ဇဋိလ သူဌေး အလောင်းအလျာသည် တစ်ခုသော ဗာရာဏသီ ပြည်၌ ရွှေပန်းထိမ်သည် ဖြစ်လျက် ရှိ၏။ သူသည် မြတ်စွာဘုရား၏ ကျောင်းတော်သို့ သွားကာ တရားနာ၏။ သာသနာတော်ကို ပစ္စည်း လေးပါးဖြင့် ထောက်ပံ့၏။

ထိုသို့ ရတနာသုံးပါး၌ သက်ဝင် ယုံကြည်သော ဥပါသကာ ဖြစ်သော်လည်း ဒေါသနောက်သို့ လိုက်မိသောအခါ ကြေကွဲ ထိတ်လန့် ဖွယ် မကောင်းမှုကို ကျူးလွန်မိသေး၏။

ကျူးလွန်မိခြင်းမှာ မယားနှင့် စကား များသောကြောင့် ဖြစ်၏။

ထိုအချိန်ဝယ် ကဿပ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော် မူခဲ့ပြီ။

mgyoe.com

mgyoe.com




သံဃာတော်များနှင့် လူများသည် မြတ်စွာဘုရား၏ ကြွင်းကျန်ရစ်သော ဓာတ်တော်များ အရှည် တည်တံ့စေရန် စေတီ တစ်ဆူ တည်ထားကာ ဌာပနာကြလေ၏။

မုခ် လေးမုခ်သည် ရွှေစေတီကြီးကို ရံလျက် စွင့်စွင့်ငွားငွား ပေါ်လာသည်။ သို့သော် မုခ်သုံးမျက်နှာသာ အပြီးသတ်သည်။ မြောက်ဘက်မုခ်၌ ရွှေလိုနေသည်။ ရွှေမှာ များများစားစား မဟုတ်။ တစ်ဖျာရာစာခန့်သာ လိုသည်။

ပန်းရန်များသည် ကြီးကြပ်သော ရဟန္တာကြီးထံ ပြေးသွားကြသည်။ ရွှေတစ်ဖျာရာစာကို အင်္ဂတေဖြင့်ပင် အချော ကိုင်ရမည်လော၊

mgyoe.com

မည်သို့ လုပ်ရမည်နည်း မေးလျှောက်ကြသည်။ ရဟန္တာ အရှင်မြတ်လည်း အပန်း ဖြေရင်း ဆိုင်းကြဦး မိန့်တော်မူကာ မြို့ထဲသို့ ကြွတော်မူခဲ့၏။

ရွှေပန်းထိမ်သည် ကံဆိုးပြီ။

မယားနှင့် စကားများနေဆဲတွင် ရဟန္တာ အရှင်မြတ် ကြွလာတော်မူသည်။ ရွှေပန်းထိမ်သည်မှာ ဒေါသကို မယားထံတွင် မထားနိုင်။ သို့ကြောင့် နေရာထိုင်ခင်း မပေး။

'အရှင်ဘုရား၊ ဘာကိစ္စတုံး'

'အခု ဘုန်းကြီးတို့ရဲ့ ရှင်တော် မြတ်စွာဘုရား ကြွင်းကျန် ထားရစ်တော်မူသွားတဲ့ ဓာတ်တော် မွေတော်များကို ဌာပနာပြီးတော့ ရွှေစေတီကြီး တည်ထားကြတယ်လေ၊ အဲဒါ မြောက်ဘက်မုခ်မှာ ရွှေနည်းနည်း လိုနေတဲ့အတွက် နှိုးဆော်ပါတယ် ဒါယကာ'

ကျောင်းတော်သို့ မပြတ် ဝင်ထွက်နေသော ဥပါသကာ ဖြစ်ကြောင်း သိသည့်အတွက် ရှင်းပြခြင်း ဖြစ်၏။

'လာမရှုပ်နှင့် ကိုယ်တော်၊ အရှင်ဘုရားတို့ စေတီကို ဂင်္ဂါမြစ်ထဲ မျှောလိုက်ရင် ပြီးတာပဲ'

'ရှင် ဘယ်လို ပြောလိုက်တာတုံးဟင်'

မယားသည် ထရံအကွယ်မှ ပြေးထွက်လာ၏။

'ကျွန်မကို ဒေါသထွက်နေရင် ကျွန်မကို ရိုက်ပါတော့လား၊ ဆဲပါတော့လား၊ ခြေနှင့် ကန်ပါတော့လား၊ မြတ်စွာဘုရားကို ဘာပြုလို့ ပြစ်မှားရတာတုံး'

ရွှေပန်းထိမ်သည်မှာ ဟာခနဲ ဖြစ်သွားသည်။

ဒေါသဖြင့် နီရဲနေသော မျက်နှာမှာ တစ်ခဏချင်း ဖြူရော်သည်။ အမှားကို ချက်ချင်း သိသည်။ တဆတ်ဆတ် တုန်သည်။ ရဟန္တာ အရှင်မြတ်၏ ရှေ့သို့ ပြေးသွားသည်။ ဒူးထောက် ရှိခိုးသည်။

'သည်းခံတော်မူပါ ဘုရား၊ တပည့်တော် မှား... မှားသွားပါတယ်'

mgyoe.com

mgyoe.com


ရဟန္တာ အရှင်မြတ်အား မချေမငံ ပြောခြင်းသည် သစ်တုံးကို မချေမငံ ပြောခြင်းနှင့်အတူသာ ဖြစ်၏။ သစ်တုံးမှာ ဒေါသမရှိသည့် နည်းတူ ရဟန္တာတွင်လည်း ဒေါသ မရှိချေ။ သို့အတွက် အေးဆေးစွာ မိန့်တော်မူ၏။

'ဒါယကာဟာ ငါ့ကို ပြစ်မှားတာ မဟုတ်ဘူး၊ မြတ်စွာဘုရားကို ပြစ်မှားတာ ဖြစ်တဲ့အတွက် မြတ်စွာဘုရားကိုသာ ပူဇော် ကန်တော့ တောင်းပန်ပေတော့'

'ဘယ်လို တောင်းပန်၊ ဘယ်လို ကန်တော့ရမှာတုံး ဘုရား'

'ရွှေပန်းခိုင် သုံးခု လုပ်ပြီး ဓာတ်တော် ဌာပနာ တိုက်ထဲမှာ ပူဇော်ပါ ဒါယကာ'

ရဟန္တာ အရှင်မြတ်ကြီး ပြန်ကြွသွားတော်မူသည်။ ရွှေပန်းထိမ်သည်မှာ ယခုပင် ငရဲကျတော့မည့်အလား ထိတ်လန့်တုန်လှုပ်နေသည်။ အကောင်းဆုံး ဇမ္ဗူရာဇ် ရွှေများကို ထုတ်လာသည်။ ပန်းထိမ်ခုံ၌ ထိုင်သည်။

သူသည် စိတ်စောနေ၏။ အပြစ်ကို အမြန်ဆုံး ဝန်ချ တောင်းပန် ကန်တော့ချင်၏။ သို့မှသာ အမြန်ဆုံး စိတ်ရှင်းမည်။

သို့သော် ရွှေပန်းခိုင် သုံးခိုင် ပြီးစီးရန် အချိန် ကြာလိမ့်ဦးမည်။ သို့တစေ သားသုံးယောက်၏ အကူအညီ ရလျှင် ရက်တိုတိုဖြင့် ပြီးစီးနိုင်သည် မဟုတ်သလော။

ပန်းထိမ်သည်သည် သားကြီးအား ခေါ်သည်။ မိမိ စိတ်လိုက် မာန်ပါ ဒေါသနောက်သို့ လိုက်မိသည့် အမှားကို ဖွင့်ပြောသည်။

'အဲဒါကြောင့် အဖေ မြန်မြန် စိတ်ချမ်းသာရအောင် အဖေ့ကို ကူပါ သားရယ်၊ ရွှေပန်းခိုင် တစ်ခိုင်မှ တစ်ထွာပဲ မြင့်မှာပါ'

'အပ်ထည်တွေ များနေတယ် အဖေရာ၊ ပြီးတော့ မြတ်စွာဘုရားကို ပြစ်မှားတာ ကျွန်တော်မှ မဟုတ်တာ၊ ပြစ်မှားတဲ့ အဖေ ကိုယ်တိုင် လုပ်တာပဲ ကောင်းပါသဗျာ'

mgyoe.com